မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၂)

နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတိုင်း တမာပင်၊ ကြက်ဆူပင်နှင့်ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းမည့် အခြားသစ်ပင်များ ရွေးချယ်စိုက်ပျိုးရန်နှင့် မြေအစိုဓာတ်ရရှိပြီး စိမ်းလန်းစိုပြည်လာသည်နှင့် တစ်ပြိုင်နက် အမြဲစိမ်းသစ်ပင်များ ဆက်လက်စိုက်ပျိုး။

စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု တွဲဖက်ထားသော ဘက်စုံရေလှောင်တမံစီမံကိန်းများ သီးနှံစိုက်ဧကများ တိုးတက်အောင်နှင့် ရေအားလျှပ်စစ်လုပ်ငန်းအတွက် ရေအလျဉ်မပြတ်စေရအောင် အထိရောက်ဆုံး သီးနှံစိုက်ပျိုးမှုအစီအစဉ်နှင့် ရေပေးဝေမှု စနစ်တကျရွေးချယ်စီစဉ်

သီးနှံများတစ်ခွင်တစ်ပြင်လုံး တစ်ဆက်တစ်စပ်တည်း ညီညီညွတ်ညွတ် စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မကွေးလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကြီးအုံ–ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ တမံချဉ်းကပ်လမ်း၊ ရေစိမ့်တားနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကျောဖုံးသို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူပျိုးအိတ်များတွင် ပျိုးကိုင်းများကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တောင်သာမြို့နယ်ရှိ ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ် စက်ရုံများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းကူညီ

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အကြီးစားစက်မှုလုပ်ငန်းများကိုလည်းကောင်း ရှေ့ဆောင်ရှေ့ရွက်ပြုပြီး နယ်မြေဒေသအနှံ့၌ ထူထောင်ပေးလျက်ရှိသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် ဧရာဝတီတိုင်းတွင် သာပေါင်းစက္ကူပျော့ဖတ်စက်ရုံ ထူထောင်သကဲ့သို့ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီးဒေသတို့တွင် ချည်မျှင်နှင့် အထည်စက်ရုံများ၊ ကျောက်ဆည်ဒေသ၌ စက်ဘီးစက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ ဖိနပ်စက်ရုံစသည့် လူသုံးအိမ်သုံးစက်ရုံများကို ဆက်တိုက်ထူထောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းက ဝင်ရောက်ရင်းနှီးလုပ်ကိုင်ရန် မလွယ်ကူသေးသည့် စက်ရုံများ၊ အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာ သုံးစွဲရသည့်စက်ရုံများကို မြန်မာပြည်အောက်ပိုင်းနှင့် အထက်ပိုင်းဒေသ၌ပါ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံထူထောင်ပေးနေခြင်းဖြစ်သည်။

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့အနီးတွင် တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ရက်နေ့ နံနက်ပိုင်းက အဆိုပါစက်ရုံ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင်–

"နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဖွင့်လှစ်ခဲ့သော စွပ်ကျယ်စက်ရုံ (တောင်သာ) စီမံကိန်းသည် များစွာအထောက်အကူဖြစ်သည့်အလျောက် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ကာလရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးတို့အတွက် စက်ရုံဝန်ထမ်းများသာမက ဒေသရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကပါ အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် လေးလေးနက်နက် တိုက်တွန်းမှာကြားလိုကြောင်း"

ပြောကြားသွားသည်။

စွပ်ကျယ်စက်ရုံ (တောင်သာ)စီမံကိန်းသည် လက်ရှိတည်ဆောက်ပြီးသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး စက်ရုံတစ်ရုံဖြစ်သည်။

စက်ရုံအတွက် ကျပ်၂၇၂၇ ဒသမ ၉၇၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၂ သန်း အပါဝင် နိုင်ငံခြားငွေ ၂၂ ဒသမ ၅၅၂ သန်း စုစုပေါင်း ကျပ် ၂၇၅၀ ဒသမ ၅၂၃ သန်း ရင်းနှီးမြှုပ်နှံထားသည်။ အဓိက ကုန်ထုတ်စက်ပစ္စည်းကိရိယာ ၂၄၇ လုံး တပ်ဆင်ထားရှိပြီး ခေတ်မီ၍ ဒီဇိုင်းဆန်းသစ်လှပသော စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ တစ်လလျှင် အထည်တစ်သိန်း ခြောက်သောင်းကျော်နှင့် တစ်နှစ်လျှင် အထည်နှစ်သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဤစက်ရုံ ဖွင့်လှစ်နိုင်သည့်အတွက် နယ်သူနယ်သားများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာသကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုတတ်သည့် အဆင့်အတန်းရှိသော နည်းပညာသည်လည်း စက်ရုံဝန်ထမ်းများမှတစ်ဆင့် နယ်မြေအတွင်းတွင် ဆင့်ကဲဆင့်ကဲ ရင်းနှီးပြန့်ပွားလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်ရုံများ ထူထောင်လုပ်ကိုင်ရာတွင် မိမိတို့နိုင်ငံ၏ ရေ၊ မြေ အခြေအနေအရ လွယ်လင့်တကူရနိုင်သည့် စက်မှုကုန်ကြမ်းများကို အခြေပြုထားသည့် စက်ရုံများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် စက်ရုံများကိုပါ ရွေးချယ်ထူထောင်ရခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် ဘိလပ်မြေစက်ရုံများ၊ သံမဏိစက်ရုံများ၊ သကြားစက်ရုံများ၊ ဆပ်ပြာစက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သည့်စက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်သည့်စက်ရုံများစသည့် ခေတ်မီစက်မှုလုပ်ငန်းများ တစ်ပြိုင်တည်း ပေါ်ထွက်လာနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် စက်ရုံအလုပ်ရုံများအနေဖြင့် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ စက်ရုံအလုပ်ရုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေး တာဝန်ရှိသူအသီးသီးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၀–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း–၃)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ စာရေးတံမဲဖောက်လှူဒါန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ သမိဒ္ဓေါဒယ သုခိတာရာမဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး၂၈၀ တို့အား စာရေးတံမဲဖောက်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် ဗဟန်းမြို့နယ် ဗြဟ္မာနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနာယကထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်တင်တင်ညွှန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်သဇင်နွယ်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့်ဇနီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗြဟ္မာနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တနာယကက ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က အထက(၆) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၅၉)

ဟသ်ာတအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဟသ်ာတအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ် ၁၈၄–၁၈၆၊ ၄၅လမ်း ဗိုလ်တထောင်မြို့နယ်ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များအားလုံး၊ အသင်းမဝင်ရသေးသော ဟသ်ာတသူ ဟသ်ာတသားများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ တက်ရောက်ကြရန်နှင့် အသက်(၈၀)ပြည့်ပြီးသော အသင်းဝင်များသည် မှတ်ပုံတင် မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော သားသမီးများသည် အထောက်အထားများဖြင့် လည်းကောင်း ဦးတင်အေး ဖုန်း–၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း–၂၉၄၄၉၈နှင့် အသင်းတိုက် ဖုန်း–၂၀၁၁၁၄သို့ ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၁–၂၀၀၆ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ကြည်နူးခံစားလက်ဆောင် ထုပ်ပိုးမှုများ
- ၇:၁၅ Star Album
- ၇:၅၀ တေးဂီတအစီအစဉ်
- ၇:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၀၀ လေ့ကားသုံးထစ်ဆင်းတဲ့ အခါ (အရိုင်း၊ မင်းသူ၊အေးသီတာ)
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ကုန်ပစ္စည်းမိတ်ဆက်
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ မြန်မာစာ၊မြန်မာစကား(၇)
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၅ မိုးလေဝသခန့်မှန်းချက်
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ် သထုံခရိုင်)
- ၉:၁၅ မြန်မာ့ကြယ်လိပ်ထိန်းသိမ်းစောင့်ရှောက်ရေး
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ ဘိုင်းဒါးတံတား
- ၉:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ On The Ball
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
- ၁၀:၂၅ ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ(စန္ဒရားချစ်ဆွေ)
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ဆွာချောင်းရေလှောင်တမံ
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ လိုင်စင်(မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သီတဂူမဟာသိမ်တော်ကြီး အလှူတော် (၁၃)ကြိမ်မြောက် ပိုလ်စိန်မှုန်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၉

သီတဂူမဟာသိမ်တော်ကြီး အလှူတော်အဖြစ် (၁၃)ကြိမ်မြောက် ပိုလ်စိန်မှုန်ဓမ္မသဘင်ကို ဗဟန်းမြို့နယ် ပိုလ်စိန်မှုန်အားကစားကွင်း၌ ဖေဖော်ဝါရီ ၃ ရက် (သောကြာနေ့)တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ၄ ရက် (စနေနေ့)တွင် သီတဂူဆရာတော် အရှင်ဉာဏိသရ၊ ၅ ရက် (တနင်္ဂနွေနေ့)တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၆ ရက် (တနင်္လာနေ့)တွင် ဖြူးဆရာတော် အရှင်နရပတိ၊ ၇ ရက် (အင်္ဂါနေ့)တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ အရှင်သူမြတ်တို့က ညစဉ် ၆ နာရီမှစ၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး မဟာသိမ်တော်ကြီးအတွက် လှူဒါန်းလိုပါက ဖုန်း–၅၅၄၈၇၇၊ ၅၄၁၉၉၆ နှင့် ၅၄၆၁၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကိုးထပ်ကြီးဘုရား ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၉

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၏ (၁၀၁)နှစ်ပြည့်နှင့် (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးတွင် ဓမ္မပူဇာတရားပွဲများဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်တွင် ဗဟိုသံဃာ့ဝန်ဆောင် အောင်မင်္ဂလာကျားကျောင်းဆရာတော် ဦးစရိယ၊ ၃၁ ရက်တွင် မြစိမ်းတောင်ဆရာတော် ဦးဇာနေယျ တိုက်ကြီးမြို့နှင့် ဖေဖော်ဝါရီ ၁ ရက်၌ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဦးသုန္ဒရ (စွန်းလွန်းဝိပဿနာကျောင်း) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

● *ကျောဖုံးမှ*

ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ဆည်ရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက ဆည်ရေ အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းပေးဝေကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ရေကြောင်းပညာတက္ကသိုလ်ရှေ့၌ သန်လျင်မြို့နယ် ကျေးရွာချင်းဆက် လမ်းများ စိမ်းလန်းစိုပြည်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိလာပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၉၀၀၀၊ မျိုးကိုင်း ၁၀၀၀၀၊ ပျိုးပင် ၉၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာအနီးရှိ သီလဝါ ရေလှောင်တမံသို့ ရောက်ရှိလာပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ဆိုင်ဖွန်စနစ်ဖြင့် နွေစပါးခင်းများအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့ပေးဝေနိုင်ရေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အလွမ်းဆွတ်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလွမ်းဆွတ်မြစ်ရေတင်စီမံကိန်းဧက ၃၀၀ သို့ သွားရောက်ပြီး စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးနှင့် စီမံကိန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးရှိ နွေစပါး အထူးဇုန်ဧက ၅၀၀ အတွင်း ရွှေမြန်မာ၊ ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးက နွေစပါး တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး စိုက်ပျိုးကြရန်မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအနီးရှိ ပဲတီစိမ်းသီးနှံ ပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၃၃၀၀ သို့ ရောက်ရှိလာပြီး အထူးဇုန်အတွင်း ပဲတီစိမ်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ပဲတီစိမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဖွဲ့တွန်ကျေးရွာအနီး သန်လျင်–ခရမ်း–သုံးခွ ကားလမ်း မိုင်တိုင်အမှတ်(၃၀/၅)ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)၏ ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ပဲခူးတိုင်းအတွင်းရှိစိုက်ဧက ၁၀၀၀၀ နှင့် ရန်ကုန်တိုင်းအတွင်းရှိ စိုက်ဧက ၅၅၀၀၀ စုစုပေါင်း စိုက်ဧက ၆၅၀၀၀ အတွက် စိုက်ပျိုးရေရရှိရန် ရေလှောင်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တူးမြောင်းနှင့် တူးမြောင်းတစ်လျှောက် Structure များ တည်ဆောက်ပြီးစီးမှု၊ မိုးယွန်းကြီးအင်းမှရေကို စစ်တောင်းတူးမြောင်းအတွင်းသို့ လွှဲယူပြီး ပုဂံ–ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် သနပ်ပင်–သုံးခွကားလမ်း အရှေ့ဘက်နံဘေးအတိုင်း တူးမြောင်းစနစ်ဖြင့် စိုက်ပျိုးရေသွယ်ယူပေးဝေရန် အရှည် ၂၄ ဒသမ ၄၁ မိုင်ရှိ မြေသားတူးမြောင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် တူးမြောင်းတစ်လျှောက် ရေထိန်းရေမြှင့်အဆောက်အအုံ၊ရေကျအဆောက်အအုံ၊ ကားလမ်းဖြတ်တံတားနှင့် တူးမြောင်းဖြတ်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ကဝမြို့နယ် အုန်းနဲ့ကျေးရွာအနီးရှိ တူးမြောင်းမကြီး၏ တူးမြောင်းဖြတ်တံတားကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးဖြစ်ထွန်းနေ

ထို့နောက် တိုင်းမှူးသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပဲခူး–သန်လျင်ကားလမ်းဘေးရှိ နွေစပါးအထူးဇုန် ဧက ၅၀၀၀ သို့ ရောက်ရှိလာပြီး တောင်သူဦးအောင်မောင်း၏ နွေစပါးစိုက်ခင်း ဧက ၁၁၀ အတွင်း မနောသုခနှင့် ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူ မျိုးစေ့များ ဝေငှပေးကာ ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်ကို ကြည့်ရှုအားပေးပြီး ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့် မျိုးပွားခြံ(အင်းတကော်)သို့ ရောက်ရှိပြီး ရော်ဘာတိုးချဲ့ စိုက်ပျိုးနိုင်ရန်အတွက် ရော်ဘာ ဖူးဆက်ပျိုးပင်များနှင့်မျိုးသန့်ပျိုးပင်များကို လျာထားချက်ပြည့်မီအောင် တိုးတက်ထုတ်လုပ်ကြရန်နှင့် စိုက်ပျိုးရေးနည်းပညာပေး ဆောင်ရွက်ကြရန်မှာကြားပြီး ပျိုးခြံများအတွင်း ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစိုးရနည်းပညာကောလိပ် မှော်ဘီ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ် E.G.T.I လျှပ်စစ်စွမ်းအား ကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများက ဆရာဆရာမကြီးများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။

(မြန်မာ့အလင်း)

နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော် Excel Shopping Mall ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နှစ်သစ်ကူး DVD နှင့် Cussons International Leather Soap အထူးဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၅၂၀) ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Shopping Mall၌ ကျင်းပရာ အမှတ်တံဆိပ်မျိုးစုံ DVD Model မျိုးစုံတို့ကို တစ်နေရာတည်း၌ သက်သာသောဈေးနှုန်း၊ အထူး Discount အပြင် လက်ဆောင်ပစ္စည်းများပေး၍ ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် Cussons International Co., Ltd. (England)မှထုတ်လုပ်သည့် Imperial Leather Classic Soap , Body Wash, Facial Wash, Facial Scrub, Body Talc, Perfume Talc, Splash Colonge , Body Foam, Anti Perspirant, Deodorant, Hydro System (Day & Night) , Morning Fresh, Hand Soap နှင့်အတူ ကလေးအသုံးဆောင်များဖြစ်သည့် Cussons Baby Soap, Baby Colonge, Baby Bath, Baby Shampoo, Baby Powder, Baby Lotion, Baby Oil, Baby Hair Lotion, Kids Toothpaste , Thick Wipes, Mini Bag, Small Bag တို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ကျင်းပသည့် ဈေးရောင်းပွဲတော်တွင် ဝင်ရောက် လှည့်လာဝယ်ယူသူများအား ကံစမ်းမဲဖွင့်၍ လက်ဆောင်များပေးအပ်ပြီး Talent & Models အဖွဲ့က ဖက်ရှင်သရုပ်ပြပွဲနှင့် အကများ၊ လူငယ်အဖွဲ့များ၏ တေးဂီတဖျော်ဖြေမှုများနှင့်အတူ နေအောင်၊ ဇော်ဝမ်း၊ ကင်းကောင်၊ ကုသိုလ်တို့ကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ ဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

တက္ကသိုလ်အသီးသီးရှိ စိတ်ပညာအဓိကဘာသာရပ်နှင့် အသုံးချ စိတ်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် ၂၀၀၆ ခုနှစ် အာစရိယပူဇော်ပွဲ အခမ်းအနားကို တက္ကသိုလ်များဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ တက္ကသိုလ်အသီးသီးရှိ စိတ်ပညာကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်ကန်တော့နိုင်ရန် နှိုးဆော်ထားသည်။ အလှူငွေများကို ရန်ကုန် အဝေးသင်တက္ကသိုလ် ဒေါ်ငွေငွေ ဖုန်း–၅၀၂၈၆၁ နှင့် ရန်ကုန်တက္ကသိုလ် ဦးအောင်သန်းဦး ဖုန်း–၅၃၇၃၇၅ တို့သို့ ဆက်သွယ်၍ ကြိုတင်ထည့်ဝင်နိုင်ကြသည်။ ယင်းနေ့တွင် စိတ်ပညာမိသားစု နေရပ်လိပ်စာသစ် ပုံစံသစ်ဖြည့်စွက်နိုင်ရန် လိုင်စင်ဓာတ်ပုံတစ်ပုံစီ ယူလာကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် နိုင်ငံတကာ ကုန်စည်ပြပွဲတွင် ပြသထားသော နေရောင်ခြည် စွမ်းအင်သုံး မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားသည် ကမ္ဘာ့ဒုတိယအများဆုံးစားအုန်းဆီတင်ပို့သည့်နိုင်ငံဖြစ် ယခုနှစ်တွင် ကမ္ဘာ့ဝယ်လိုအား၏ သုံးပုံတစ်ပုံကို တင်ပို့မည်

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်တွင် စားအုန်းဆီကြိမ်းထုတ်လုပ်မှုအနေဖြင့် ကမ္ဘာ့ဝယ်လိုအား တန်ချိန်၃၃သန်း၏ သုံးပုံတစ်ပုံခန့်ဖြစ်သော စားအုန်းဆီကြိမ်းတန်ချိန် ၁၀ဒသမ ၅သန်းကို ပြည်ပသို့တင်ပို့သွားမည်ဟု အင်ဒိုနီးရှားနိုင်ငံက ဆုံးဖြတ်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်ရေးအဖွဲ့အစည်းတစ်ခုက ဇန်နဝါရီ ၂၆ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီကြိမ်းများ ပြည်ပတင်ပို့ရာတွင် ပြီးခဲ့သည့် ၂၀၀၅ခုနှစ်က စားအုန်းဆီကြိမ်း တန်ချိန် ၉ဒသမ ၆သန်းမှ တိုးမြှင့်ကာ ၉ဒသမ ၄ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်သွားမည်ဖြစ်သည်ဟု အင်ဒိုနီးရှားစားအုန်းဆီထုတ်လုပ်သူများက ပြောကြားသည်။

ယခုနှစ်တွင် စားအုန်းဆီကြိမ်း ထုတ်လုပ်မှုမှ အမေရိကန် ဒေါ်လာ ၁၄ဒသမ ၅ဘီလီယံတိုးတက် ရရှိရန် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား စားအုန်းဆီ ထုတ်လုပ်သူများအဖွဲ့က အစီရင်ခံတင်ပြသည်။

စိုက်ပျိုးရန်မျှော်မှန်း

အင်ဒိုနီးရှားနိုင်ငံသည် မလေးရှားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် စားအုန်းဆီကြိမ်းထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ယခုနှစ်တွင် ဆီအုန်းစိုက်ပျိုးမှုအနေဖြင့် စိုက်ပျိုးမြေဟက်တာ ၅၀၀၀၀၀တွင် ဆီအုန်းစိုက်ပျိုးရန် မျှော်မှန်းထားသည်။

ထို့အပြင် ကာလီမန်တန်ကျွန်းပေါ်တွင်လည်း ဆီအုန်းစိုက်ပျိုးမြေဟက်တာ နှစ်သန်းခန့်စိုက်ပျိုးရန်လည်း စီစဉ်လျက်ရှိပြီး အနောက်စူမားတြားတွင် ဟက်တာ ၁၇၀၀၀ ခန့်ကိုလည်း စိုက်ပျိုးသွားမည် ဖြစ်သည်။

ယခုအခါ မလေးရှားနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် နိုင်ငံတကာ စားအုန်းဆီဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကို ထိန်းချုပ်သွားကြရေး သဘောတူညီမှု ရရှိခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ သတင်းထောက်တစ်ဦး သေဆုံး

ရာမာဒီ ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဇန်နဝါရီ ၁၇ရက်က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်ရုပ်မြင်သံကြား ဓာတ်ပုံသတင်းထောက်တစ်ဦး သေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ဇန်နဝါရီ ၂၈ရက်၌ ပြောကြားသည်။

သေဆုံးသူမှာ မာမွတ်ဇာရယ်ဖြစ်ပြီး ဘဂ္ဂဒက်ဂြိုဟ်တု ဆက်သွယ်ရေး သတင်းလိုင်းတွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်ပြီး ပစ်ခတ်ခံရသည့်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရာမာဒီမြို့တွင် ဇန်နဝါရီ ၁၇ ရက်က ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ငြင်းဆိုသည်။ သို့သော် ဘဂ္ဂဒက် ဂြိုဟ်တုဆက်သွယ်ရေးလိုင်းသည် ဆွန်နီနိုင်ငံရေးအုပ်စုမှ ပိုင်ဆိုင်ခြင်းဖြစ်ပြီး အဆိုပါဓာတ်ပုံသတင်းထောက် သေဆုံးကြောင်း အတည်ပြု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မက္ကဆီကိုမှ အမေရိကန်သို့ မူးယစ်ဆေးဝါးမှောင်ခိုသွင်းသည့် ဥမင်လိုဏ်ခေါင်းကြီးတွေ့ရှိ ယခုအချိန်အထိ ဥမင်လိုဏ်ခေါင်းပေါင်းများစွာရှာဖွေတွေ့ရှိခဲ့

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၉

အမေရိကန်နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းရာတွင် အသုံးပြုသည့် ကြီးမားသော မြေအောက်ဥမင်လိုဏ်ခေါင်းကြီးတစ်ခုကို အမေရိကန်နှင့် မက္ကဆီကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း မက္ကဆီကိုအနောက်မြောက်ပိုင်း တီဂျူရာနာမြို့ရဲတပ်ဖွဲ့အရာရှိ ရိုင်လာမို ဂွန်ဇာလက်စ်က ဇန်နဝါရီ ၂၇ ရက်တွင် ပြည်တွင်းသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မူးယစ်ဆေးဝါးလိုဏ်ခေါင်းဟု အမည်ပေးထားသော မြေအောက်ဥမင်လိုဏ်ခေါင်းကြီးသည် အရှည်မီတာ ၆၀ ခန့်ရှိပြီး မြေအောက် ၂၆မီတာ၌ ဖောက်လုပ်ထားခြင်းဖြစ်သည်။ ထိုဥမင်လိုဏ်ခေါင်းသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်းရှိ ဆန်ဒိုင်ဂိုမြို့အနီးနှင့် မက္ကဆီကိုနိုင်ငံ တီဂျူရာနာမြို့ ကုန်လှောင်ရုံတစ်ခုနှင့် ဆက်သွယ်ထားကြောင်း သိရသည်။

ယခုတွေ့ရှိရသည့် ဥမင်လိုဏ်ခေါင်းသည် ၁၀ ရက်အတွင်း ဆန်ဒိုင်ဂိုမြို့နှင့် တီဂျူရာနာမြို့ကို ဆက်သွယ်ထားသည့် ဥမင်လိုဏ်ခေါင်းများ တွေ့ရှိမှု၏ တတိယမြောက် ဥမင်လိုဏ်ခေါင်းဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း နှစ်နိုင်ငံဆက်သွယ်ဖောက်လုပ်ထားသော ဥမင်လိုဏ်ခေါင်း ၁၅ ခုကျော် တွေ့ရှိရမှုအပါအဝင် လွန်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်က ပထမဆုံးအကြိမ်အဖြစ် ဥမင်လိုဏ်ခေါင်းတွေ့ရှိခဲ့ရမှုမှာ ယခုအချိန်အထိ ဥမင်လိုဏ်ခေါင်း ဒါဇင်များစွာရှာဖွေတွေ့ရှိခဲ့ရပြီးဖြစ်သည်။ ယခုကဲ့သို့ရှာဖွေတွေ့ရှိခဲ့သမျှ ဥမင်လိုဏ်ခေါင်းများ၏ အနေအထားအားလုံးသည် ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုအများဆုံးဖြစ်သော အမေရိကန်နိုင်ငံသို့ မူးယစ်မှောင်ခိုရောင်းဝယ်ရာတွင် အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းများဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းများ

အီရတ်ပြန်လည်ထူထောင်ရေးကန်ထရိုက်များ ပြဿနာများဖြစ်နေကြောင်းစစ်ဆေးတွေ့ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၉

အီရတ်ပြန်လည်ထူထောင်ရေးကန်ထရိုက် ၉၀၇ခုနှင့် အမေရိကန်ဒေါ်လာ ၈ဒသန်းဖိုးရှိ အသေးစားရောင်းဝယ်ရေးကန်ထရိုက် ၁၂၀၀ကျော်တို့သည် ပြဿနာများဖြစ်နေကြောင်း၊ အမေရိကန်အစိုးရ၏ စာရင်းစစ်အစီရင်ခံစာတွင် တွေ့ရှိရကြောင်း အမေရိကန် မီဒီယာက ဇန်နဝါရီ ၂၇ရက်၌ ဖော်ပြသည်။

ကန်ထရိုက်လုပ်ငန်းအများစုသည် စာရင်းအင်းမှတ်တမ်းမှတ်ရာများ မရှိကြောင်း၊ အီရတ်ပြန်လည်ထူထောင်ရေး၊ အမေရိကန်အထူးစုံစမ်းစစ်ဆေးရေးမှူးချုပ် စတုအတ်ဘိုဝင်က စာမျက်နှာ ၄၂မျက်နှာရှိ အစီရင်ခံစာကို ထုတ်ပြန်ထားသည်။ အမှုတစ်ခုတွင် အမေရိကန်စစ်ဘက်လက်ထောက်တစ်ဦးသည် အီရတ်အိုလံပစ်အဖွဲ့နှင့်အတူ ဖိလစ်ပိုင်သို့လိုက်ပါလာစဉ် အမေရိကန်ဒေါ်လာ ၄၀၀၀၀ကို လောင်းကစားပြုလုပ်ပစ်ခဲ့ကြောင်း တွေ့ရှိရသည်။

အီရတ်ဆေးရုံတစ်ရုံရှိ ဓာတ်လှေကားပျက်ကျ၍ မတော်တဆဖြစ်စဉ်တွင်လည်း ကန်ထရိုက်အား ငွေအကျေချေထားသော်လည်း ၂၀ရာခိုင်နှုန်းတောင်မှ မပြီးသေးသည်ကို တွေ့ရကြောင်း၊ ထို့အပြင် အီရတ်တောင်ပိုင်းနှင့်အလယ်ပိုင်းဒေသများတွင် အမေရိကန်ဒေါ်လာ ၃ဒသမ၃သန်းဖိုးရှိသော မော်တော်ယာဉ် အစီး ၁၆၀ကိုလည်း မှတ်တမ်းတစ်စုံတစ်ရာမရှိဘဲ ထုတ်ပေးထားကြောင်း ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာတွင် ဘိုဝင်က ကန်ထရိုက်အားလုံး လုပ်ပိုင်ခွင့်နှင့် မှတ်တမ်းများကို ဆက်လက်ဖော်ထုတ်သွားမည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသမီး ၄၀ခန့်ကို သတ်သည့် အမျိုးသမီး မက္ကဆီကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၉

မက္ကဆီကိုရဲတပ်ဖွဲ့သည် အသံတိတ်လူသတ်သမားဟု လူသိများသည့် နဘမ်းသမားအမျိုးသမီးတစ်ဦးကို ဖမ်းဆီးလိုက်သည်။ ယင်းအမျိုးသမီးသည် အသက်ကြီးသော အမျိုးသမီး ဒါဇင်ပေါင်းများစွာကို အစဉ်လိုက် လည်ပင်းညှစ်သတ်ခြင်း သို့မဟုတ် ရိုက်သတ်သည်ဟု ယုံကြည်ရပြီး နိုင်ငံက အထူးပင် အလိုရှိနေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျူယာနာဘာရာဇာဟု အမည်ရသော အဆိုပါအမျိုးသမီးသည် အမျိုးသမီးတစ်ဦးအား လည်ပင်းညှစ်သတ်ခဲ့သည့်နောက်ဆုံးဖြစ်ရပ်တွင်ယင်းနေရာမှ ၎င်းထွက်ပြေးလာစဉ် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။

နောက်ဆုံး သတ်ခဲ့သည့်အိမ်မှ သူမပြေးထွက်လာသည်ကို မြင်လိုက်သည့် အိမ်နီးချင်းတစ်ဦးက ဖြတ်လာသည့် ရဲအရာရှိတစ်ဦးကို ညွှန်ပြလိုက်သဖြင့် အဆိုပါ ရဲအရာရှိက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

လွန်ခဲ့သောလေးနှစ်က ဖြစ်ပွားခဲ့သည့်အမှုလေးမှုမှာ ဆက်နွှယ်လျက်ရှိကြောင်း သေဆုံးကြသူများမှာ ၎င်းတို့၏ အိမ်တံခါးများကို ဖွင့်လိုက်ချိန်တွင် သူမက တင်းကျပ်စွာ ညှစ်၍ လည်းကောင်း၊ လိုက်ကာကြိုး သို့မဟုတ် တယ်လီဖုန်းကြိုးဖြင့်လည်းကောင်း လည်ပင်းကို ညှစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုစီးတီး၏ ဗီးနပ်စ်တီယာနိုကာရင်ဇာတွင် သူမ နောက်ဆုံးသတ်ခဲ့သည်ကို သူမက ဝန်ခံခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သူမသည် ၁၉၉၀ပြည့်နှစ်နှောင်းပိုင်းမှစတင်၍ မြို့တော်တွင် အသက်ကြီးသူ အမျိုးသမီး ၄၀ခန့်ကို သတ်ဖြတ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်၌ အီရတ်ကင်းလှည့်ယာဉ်တိုက်ခိုက်ခံရ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ဇန်နဝါရီ ၂၆ရက်က အီရတ်ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်ကို လက်နက်ကိုင်သမားများက ချုံခိုတိုက်ခိုက်ခဲ့သဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့၏ သတင်းများတွင် ဖော်ပြပါရှိသည်။

တိုက်ခိုက်

အခင်းဖြစ်ပွားသည့်နေရာမှာ အလ်အဒီးလ်ခရိုင်ကိုဖြတ်ဖောက်ထားသည့် အဝေးပြေးလမ်းပေါ်တွင်ဖြစ်ပြီး မွန်းလွဲ၁နာရီ မိနစ်၃၀ခန့်က အမည်မသိ လက်နက်ကိုင်သမားများက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက် ရဲတပ်ဖွဲ့မှ ရဲအရာရှိ အာမက်အဗ္ဗဒူလာက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်များအား ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော မီးရထားဥမင်လိုဏ်ခေါင်း ပြန်လည်ပြုပြင်နေသည်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်၏ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတင်ပို့မှု ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာတစ်ဘီလီယံရရှိရန် မျှော်မှန်း

ဟနွိုင်း ဇန်နဝါရီ ၂၉

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်တန်ချိန် ၁ ဒသမ ၄သန်း တင်ပို့ရောင်းချခြင်းဖြင့် ဒေါ်လာတစ်ဘီလီယံရရှိရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းစာ နယူးဟန္ွိုင်းက ဇန်နဝါရီ ၂၇ ရက်၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်တန်ချိန် ၇၀၀၀၀၀နှင့် ပြုပြင်ထုပ်ပိုးပြီး တန်ချိန် ၇၀၀၀၀၀ တင်ပို့ ရောင်းချမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်ပို့ရောင်းချရာမှ အမေရိကန်ဒေါ်လာ ၂၃၄ သန်း ရရှိခဲ့ကြောင်း ပြီးခဲ့သည့်နှစ် ဇန်နဝါရီလကထက် ယခုဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၂၄ သန်းရရှိမည်ဖြစ်ကြောင်း ဗီယက်နမ်ဗဟိုစာရင်းအင်းရုံးက ပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနက ၂၀၁၀ ပြည့်နှစ် ရည်မှန်းချက်အောင်မြင်ရန် ဟင်းသီးဟင်းရွက်ဟက်တာ ၅၅၀၀၀၀၊ သစ်သီးဝလံဟက်တာ ၇၅၀၀၀၀နှင့် ပန်းဟက်တာ ၁၀၀၀၀ စိုက်ပျိုးထုတ်လုပ်ရန်ဖြစ်ပြီး ထိုအချိန်တွင် နှစ်စဉ် ဟင်းသီးဟင်းရွက် တန်ချိန် ၁၁ သန်း၊ သစ်သီးဝလံ တန်ချိန်ကိုးသန်း၊ ပန်းစည်း ၃ ဒသမ ၅ ဘီလီယံ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နီပေါနိုင်ငံ၌ စီဒီအမ်အေဖုန်းများတပ်ဆင်မည် လာမည့်သီတင်းပတ်၌ ဖုန်းနှစ်သိန်းခွဲတပ်ဆင်ရန်စီစဉ်နေ

ခတ္တမန္ဒူ ဇန်နဝါရီ ၂၉

နီပေါနိုင်ငံတွင် လာမည့်သီတင်းပတ်မှစတင်ကာ စီဒီအမ်အေတယ်လီဖုန်းလိုင်းများ တပ်ဆင်တော့မည်ဖြစ်ကြောင်း နီပေါနိုင်ငံပိုင် နီပေါတယ်လီကွန်(အင်န်တီ)က ဇန်နဝါရီ ၂၇ ရက် သောကြာနေ့၌ ပြောကြားလိုက်သည်။

ပြောကြား

ပြည်သူများ၏ လိုအပ်ချက်အရ စီဒီအမ်အေတယ်လီဖုန်း အခြေစိုက်စခန်းများကို စီးပွားရေးလုပ်ငန်းကဲ့သို့ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း တယ်လီဖုန်းကြိုးများ အသုံးပြုခြင်းမရှိဘဲ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် အတွက် လက်စွဲကွန်ပျူတာ အသုံးပြုသူများအတွက်လည်း အကျိုး ကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း အင်န်တီဦးဆောင်ညွှန်ကြားရေးမှူး ဆူဂတ်ရက်နာကင်ဆာကာက သတင်းထောက်များအား ပြောကြားသည်။

ထို့အပြင် စီဒီအမ်အေတယ်လီဖုန်းများ အသုံးပြုခြင်းဖြင့် နက်ခ်ဝက်သုံးစွဲမှု ကုန်ကျစရိတ်လည်း ထက်ဝက်ခန့် သက်သာသွားမည်ဖြစ်ကြောင်းလည်း ကင်ဆာကာက ပြောကြားသည်။

တပ်ဆင်

နီပေါနိုင်ငံတွင် စီဒီအမ်အေ တယ်လီဖုန်းများကို ပထမအဆင့်အနေဖြင့် ဒန်ဂါဒီမြို့၊ ဘဟေးရာဟာဝါမြို့၊ အနောက်ပိုခ်ဟာရာမြို့၊ ဘီရာနာဂါမြို့ အရှေ့ဂျာနက်ခ်ပူရာမြို့၊ နာရာယာနီမြို့၊ ခတ္တမန္ဒူတောင်ကြားဒေသ အပါအဝင် နီပေါနိုင်ငံအချို့ ဒေသများ၌ စီဒီအမ်အေ ဖုန်းလိုင်း ၂၅၀၀၀၀ကို တပ်ဆင်ပေးသွားမည်ဖြစ်သည်။

နီပေါနိုင်ငံတွင် ခတ္တမန္ဒူတောင်ကြား ဒေသသည် တယ်လီဖုန်း လိုအပ်မှု တစ်သိန်းခန့်ရှိသော်လည်း ယခုလောလောဆယ်အချိန်တွင် တယ်လီဖုန်း ၅၀၀၀၀ တပ်ဆင်ပေးသွားမည်ဖြစ်သည်။ နီပေါနိုင်ငံတစ်ဝန်းတွင် တယ်လီဖုန်း လိုအပ်မှုသည် လေးသိန်းခန့်ရှိကြောင်း ကင်ဆာကာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဂျင်တီးနားရဲတပ်ဖွဲ့ ဒေါ်လာသုံးသိန်းတန်ဖိုးရှိ ဆေးခြောက်များသိမ်းဆည်းရမိ

ဘူနော့စ်အဲစ် ဇန်နဝါရီ ၂၉

အာဂျင်တီးနားနိုင်ငံ ဘူနော့စ်အဲစ်၏ ဆင်ခြေဖုံးနေရာတွင် ဇန်နဝါရီ ၂၅ ရက်က အာဂျင်တီးနားရဲတပ်ဖွဲ့သည် ဆေးခြောက်နှစ်တန်ကို သိမ်းဆည်းရမိခဲ့ပြီး သင်္ကာမကင်းရှိသည့် မူးယစ်ဆေးဝါးမှောင်ခိုသူ လေးဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို မြို့တော် ဆင်ခြေဖုံးအနောက်တောင်ဘက်ရှိ အိမ်တစ်အိမ်၏ အခန်းနှစ်ခန်းထဲမှ ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သင်္ကာမကင်းဖြစ်ရသည့် မူးယစ်ဆေးဝါး ဥပဒေမဲ့ရောင်းဝယ်သူလေးဦး အနက်တစ်ဦးမှာ အာဂျင်တီးနားလူမျိုးဖြစ်ပြီး အခြားသုံးဦးမှာ ပါရာဂွေးလူမျိုးများဖြစ်ကြသည်။

အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ တန်ဖိုးရှိ အဆိုပါဆေးခြောက်များကို ပါရာဂွေးနိုင်ငံမှ မှောင်ခိုသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ယင်းအမှုကို စုံစမ်း စစ်ဆေးလျက်ရှိသည့် တရားသူကြီးတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်၌ ယာဉ်တိုက်မှုဖြစ်ပွား ကလေးငယ်ခုနစ်ဦး သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၂၉

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဇန်နဝါရီ ၂၅ ရက်က ထရပ်ကားတစ်စီးနှင့် ကျောင်းဘတ်စ်ကားတစ်စီးတို့ တိုက်မှုဖြစ်ပွားရာ အဆိုပါကားနှစ်စီးအနက် တစ်စီးပျက်စီးခဲ့ရပြီး ကလေးငယ် ခုနစ်ဦးသေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဇန်နဝါရီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ မော်တော်ယာဉ်မှာ လမ်းကိုဖြတ်မောင်းစဉ် ယခုကဲ့သို့ တိုက်မှုဖြစ်ပွားခြင်းဖြစ်ပြီး အသက်နှစ်နှစ်မှ ၁၅နှစ်အရွယ်ရှိ ကလေးငယ် ခုနစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထိုဘတ်စ်ကားသည် ကလေးငယ် ကိုးဦးကို တင်ဆောင်လာခြင်းဖြစ်ပြီး ယာဉ်မောင်းအပါအဝင် ကျန်ကလေးငယ်များ ဒဏ်ရာရရှိခဲ့သည်။

မော်တော်ယာဉ်တိုက်မှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ထရပ်ကားမောင်းသူက မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း ပြောဆိုနေခြင်းကြောင့် ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ကို အမေရိကန်ကျူးကျော်ခဲ့ပြီးနောက် ရေကောင်းရေသန့် ရရှိရေးဆောင်ရွက်နိုင်ခြင်းမရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၉

၂၀၀၃ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်၍ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံ၌ ရေကောင်းရေသန့်ရရှိရေး စီမံကိန်း ၆၀ ရာခိုင်နှုန်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း အမေရိကန်စာရင်းစစ်အဖွဲ့က ဇန်နဝါရီ ၂၆ ရက်၌ ပြောကြားသည်။

ရေကောင်းရေသန့်ရရှိရေး စီမံကိန်း ၁၃၆ ခုတွင် ၄၉ ခုသာလျှင် ဆောင်ရွက် ပြီးစီးသေးကြောင်း၊ လျှပ်စစ်ဓာတ်အားစီမံကိန်း ၄၂၅ ခုတွင် ၃၀၀ခန့်သာလျှင် ပြီးစီးအောင်လုပ်နိုင်ကြောင်း အီရတ်ပြန်လည်ထူထောင်ရေး အထူးစုံစမ်းစစ်ဆေးရေးမှူးချုပ် စတုအက်ဘိုဝင်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြ

ယင်းကဲ့သို့ စီမံကိန်းလုပ်ငန်းများကြန့်ကြာမှုဖြစ်နေခြင်းမှာ လုံခြုံရေးအသုံးစရိတ်အတွက် ပိုမိုသုံးစွဲနေရ၍ စီမံကိန်းကို အဟန့်အတား ဖြစ်စေကြောင်း၊ ၎င်းအစီရင်ခံစာတွင် ဖော်ပြသည်။

ခွင့်ပြု

အမေရိကန်ကွန်ဂရက်က ၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် အခြေခံအဆောက်အအုံနှင့် အစိုးရကဏ္ဍများခွဲဝေသုံးစွဲရန် အီရတ်ပြန်လည်ထူထောင်ရေးလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံခွင့်ပြုခဲ့သည်။

သုံးစွဲ

အီရတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်နှင့် ရေကောင်း ရေသန့်ရရှိရေးစီမံကိန်းပြီးလျှင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် တတိယအများဆုံး ရန်ပုံငွေသုံးစွဲခြင်းဖြစ်သည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ပြီး ဘဂ္ဂဒက်၌ အရပ်သား၁၆ဦးအား ပြန်ပေးဆွဲသွားခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

ရဲအထူးတပ်ဖွဲ့ဝတ်စုံများကို ဝတ်ဆင်ထားကြသည့် လက်နက်ကိုင်သမားများသည် ဘဂ္ဂဒက်မြောက်ပိုင်းအနီးရှိ အိမ်များကို ဇန်နဝါရီ၂၆ ရက်က တိုက်ခိုက်ခဲ့ကြပြီး အရပ်သား ၁၆ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းများကို ကိုးကား၍ ဆင်ဟွာက ဖော်ပြသည်။

ပြန်ပေးဆွဲ

ရဲအထူးတပ်ဖွဲ့ယာဉ်များထဲမှ လက်နက်ကိုင်သမားများသည် ဆွန်နီအာရပ်အရပ်သားများပိုင်ဆိုင်သည့် အိမ်များအတွင်း ဒလကြမ်းဝင်ရောက်ကာ လူ၁၆ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

လွန်ခဲ့သည့် လေးရက်ကလည်း ရဲကား ၂၀ခန့်အတွင်း ရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသည့် အခြားလက်နက်ကိုင်သမားများသည် ဘဂ္ဂဒက်၏ အဓိကဆွန်နီများရှိသည့် နေရာအနီးရှိ အိမ်နှစ်အိမ်ကို ဝင်ရောက်စီးနင်းခဲ့ပြီး လူနှစ်ဦးကိုသတ်ကာ လူ ၃၀ကျော်ကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ထိန်းသိမ်း

ထိုစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ ကျောထောက်နောက်ခံပြုထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့သည် ဘဂ္ဂဒက်အနောက်တောင်ပိုင်းရှိ ဆာယာဒီယင်အနီးနှင့် အနောက်ဘက်ရှိ ဂျာဇာလီယာကို ဝင်ရောက်စီးနင်းပြီး အိမ်များကို ရှာဖွေကာ သင်္ကာမကင်းသူ ဒါဇင်ပေါင်းများစွာကို ထိန်းသိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

အီရတ်လူမျိုးများနှင့် နိုင်ငံခြားသားများပါရှိသည့် ပြန်ပေးဆွဲခံခဲ့ရသူများတွင် အချို့ အသတ်ခံခဲ့ရပြီး အချို့မှာ စေ့စပ်ဆွေးနွေးပြီးနောက် ပြန်လွှတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဟစ်မြို့တွင် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ရန်အတွက် အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦး အဆောက်အအုံ တံခါးသော့အား သေနတ်ဖြင့်ပစ်ခတ် ဖွင့်နေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပုဂံသင်္ဘောပေါ်သို့ ဆန်ပဲအိတ်များ Belt Conveyor ဖြင့်တင်ပို့မှု ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေအမှတ်(၅)တံတား ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက Belt Conveyor စနစ်ဖြင့် "ပုဂံ"သင်္ဘောပေါ်သို့ ဆန်အိတ်များတင်ဆောင်မှု အခြေအနေ၊ Belt Conveyor တပ်ဆင်မှုအခြေအနေ၊ ကုန်အတင်အချပြုလုပ်ရာတွင် အနိမ့်အမြင့်ပြုလုပ်နိုင်ရန် ဂီယာနှင့် ဟိုက်ဒြောလစ် တပ်ဆင်ထားမှုအခြေအနေ၊ Conveyor Spiral Chute တပ်ဆင်ထား မှုအခြေအနေ၊Belt Conveyor အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက Conveyor နှင့် ဆက်စပ်ပစ္စည်းတည်ဆောက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေအမှတ်(၅)တံတားတွင် ဆိုက်ကပ်ထားသော "ပုဂံ"သင်္ဘောပေါ်သို့ ဆန်၊ပဲ အမျိုးမျိုးတို့ Belt Conveyor ဖြင့် တိုက်ရိုက် တင်ပို့နေသည်များကို ကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)** မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းတို့က ရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဆူးလေအမှတ်(၇) တံတားတွင် ဆိုက်ကပ်ထားသော MV. Beluga Project သင်္ဘောဖြင့် ဂျာမနီနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ထမံသီရေလှောင်တမံ ဘက်စုံစီမံကိန်းအတွက် မှာယူရောက်ရှိလာသည့် Trench Cutter နှစ်စုံနှင့် ဆက်စပ်ယန္တရားများကို သင်္ဘောပေါ်မှ သယ်ချနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သြဝါဒခံယူပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက ရှစ်ကြိမ်မြောက် သြဝါဒခံယူပွဲနှင့် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သြကာသကန်တော့ကျိုးဖြင့် ရှိခိုးပူဇော်ကြပြီး မဟာဗောဓိဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသတို့၏ သြဝါဒကထာကို နာယူကြသည်။ **(အပေါ်ပုံ)** ထို့နောက် သဃ်န်းကျွန်းမြို့နယ် အာလောကာရာမစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာနိတသိရီရေးသား ပူဇော်အပ်သော ထုတိမင်္ဂလာဂါထာကို ငါန်းဇွန်မြို့နယ် ဂွမ်းကံရွာကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စက ဖတ်ကြားပူဇော်ပြီး အဆိုတော် ဦးထွန်းရွှေက ရတုပိုဒ်စုံကို သီဆိုပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(က-ပ)

လင်းရောင်ခြည်စာကြည့်တိုက် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မုံရွာခရိုင် မုံရွာမြို့နယ် ကျောက်ကာ မြောက်ရွာရှိ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်လှစ်ခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ယင်းကျေးရွာတွင် ဇန်နဝါရီ ၂၂ ရက် ညစနာရီက ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ သန်လျင်မောင်မောင်ဦးနှင့် မောင်မြင့်ကြွယ်တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ရာမညနိကာယရေးဖြေကို မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ သာသနာ ၂၅၀၀ ဘုရားပရိဝုဏ်အတွင်း ရာမညဓမ္မဗိမာန်ခန်းမတွင် ဖေဖော်ဝါရီ ၂၆ မှ မတ် ၂ ရက် (တပို့တွဲလကွယ်မှ တပေါင်းလဆန်း ၄ ရက်)အထိ ၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(၂၄)ကြိမ်မြောက် စာဖြေပွဲသို့ သြဝါဒါစရိယ ဆရာတော်များ၊ စာဖြေပွဲကြီးကြပ်ရေးဆရာတော်များနှင့် ကရင်ပြည်နယ်၊ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းရှိ စာဖြေသံဃာတော်များနှင့် မွန်ပြည်နယ် ၁၀မြို့နယ်မှ စာဖြေသံဃာတော် ၁၂၀၀ကျော် ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်သည်။ စာဖြေသံဃာတော်များအတွက် လှူဒါန်းလိုသူများသည် နာယကဆရာတော် ဖုန်း-၀၅၇-၂၄၀၇၉၊ စာဖြေပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအောင် ဖုန်း-၀၅၇-၂၅၅၀၁နှင့် ဘဏ္ဍာရေးမှူး ဦးမောင်ရောင်း ဖုန်း-၀၅၇-၂၅၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ၁နာရီတွင်ကန်တော်ကြီး ကရဝိက်ခန်းမ ဒက္ခိဏခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် စာပေမိတ်ဆွေများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

သဘာပတိ

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အလှူငွေပေးအပ်ပွဲတွင် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)က မိတ်ဆက် မင်္ဂလာစကားပြောကြား၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဦးခင်မောင်သိန်း-စူဇန်သိန်း(စစ်ကိုင်း-စိမ်းစိမ်း)တို့က ၄င်းတို့၏ သားသမီးများမင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်ငါးသိန်း၊ ဦးထင်ကြီး ဒီဂျစ်တယ်စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်) တို့က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၉

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အထပ်သားစက်ရုံ မီးဘေး ကြိုတင်ကာကွယ်ရေးသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက စက်ရုံလုပ်သားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စက်ရုံမှူး မန်နေဂျာနှင့် ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထင်ဇော်တို့က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ပိုင်ကုန်ပစ္စည်းများ လေလွင့်ပြုန်းတီးမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်စောင့်ရှောက်ကြရန်နှင့် သင်တန်းကာလအတွင်း သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသွားကြသည်။ **(က-ပ)**

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၈)ခုနှစ် အင်ဂျင်နီယာများနှင့် ဗိသုကာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုခန်းမ၌ ကျင်းပရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးလှမောင်-ဒေါ်အေးရင်နှင့် ခင်ပွန်း ဦးဟံစိန်တို့အားရည်စူး၍ အမှတ် ၂၉ လက်ပံလမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်မြကြင်နှင့် သားသမီး မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

သန့်ရှင်းသောသောက်သုံးရေရရှိရေး ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၉

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာတွင် တူးဖော်ပြီးစီးသော လက်နှိပ်တုံကင်တွင်းမှ ရေထွက်ရှိမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ ပဲချက်ကုန်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် နေပူကုန်းကျေးရွာအုပ်စု ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

မုန်းချောင်းဆည်ရေဖြင့် ရေသောက်ဧရိယာတိုးချဲ့ဖော်ထုတ်ရေး နည်းလမ်းသုံးသွယ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

✡ *ကျောဖုံးမှ*

ညီညီညွတ်ညွတ်စိုက်ပျိုး

ဆက်လက်ပြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတွဲဖက်ထားသော ဘက်စုံရေလှောင်တမံစီမံကိန်းများတွင် သီးနှံစိုက်ဧရိယာများလည်း တိုးတက်စေရအောင်နှင့် ရေအားလျှပ်စစ်လုပ်ငန်းအတွက်လည်း ရေအလျင်မပြတ်စေရအောင်ရည်မှန်းပြီး အထိရောက်ဆုံးသီးနှံစိုက်ပျိုးမှုအစီအစဉ်(Crop Pattern)နှင့်ရေပေးဝေမှုကို စနစ်တကျရွေးချယ်စီစဉ်ဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့်သီးနှံစိုက်ပျိုးမှုအစီအစဉ်အတိုင်း တစ်ခွင်တစ်ပြင်လုံး တစ်ဆက်တစ်စပ်တည်း ညီညီညွတ်ညွတ်စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများကို စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရှင်းလင်းဆောင်ရွက်ပုံမှနေ၍ တမံတည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်၍ ရေလွှဲမြောင်းအတွင်း ရေစီးဆင်းမှု၊ ရေလွှဲမြောင်းဖြတ် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုနှင့်တံတားပေါ်မှနေ၍ မြေသယ်ယာဉ်ကြီးများဖြတ်သန်း၍ တမံဖို့မြေများ သယ်ဆောင်နေမှု၊ တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သည့် ကြီးအုံ–ကြီးဝတမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ပေ၊ ပင်မတမံပေ ၃၂၈၀၊ ကန်ပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက၁၀၈၆၀ရှိပြီးတမံစီမံကိန်းပြီးစီးပါက မဲဇလီရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ ဧကနှင့်သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ဧကကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ကိုထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။

ဖူးရွာရေလှောင်တမံစီမံကိန်း

ထိုမှတစ်ဆင့် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဖူးရွာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖူးရွာရေလှောင်တမံစီမံကိန်း ဧရိယာအတွင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးအတွက် လယ်ယာမြေများဖော်ထုတ်ပေးမည့် အစီအစဉ်နှင့်ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ မကွေးတိုင်း ချောက်မြို့နယ်ရှိ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အစီအစဉ်တကျစီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး မုန်းချောင်းကိုအခြေခံပြီးဆောင်ရွက်နေသည့် မုန်းချောင်းရေလှောင်တမံစီမံကိန်း၊ ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ–ကြီးဝရေလှောင်တမံစီမံကိန်းများ ရည်မှန်းချက်နှင့်အညီအကောင်အထည်ပေါ်လာစေရေးအတွက် လုပ်ငန်းများအစီအစဉ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှနေ၍ ရေလွှဲဥမင်၊ ရေပိုလွှဲနှင့် တမံတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရေကူအားဖြည့်ပေးနိုင်

ဖူးရွာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်ခန့်အကွာ ဖူးရွာအနီး မုန်းချောင်းအပေါ်၌တည်ဆောက်ထားခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့်၂၄၃ပေ၊ အလျားပေ ၆၀၄၀ ရှိ၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက၈၇၃၀ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၂၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ–ကြီးဝတမံတို့ကို ရေကူအား ဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မကွေးတိုင်း ချောက်မြို့နယ်ရွှေပုံတောင်ဘုရားအနီးရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးတမာစိုက်ခင်းသို့ ရောက်ရှိရာ တမာစိုက်ခင်းရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ဆောင်ရွက်နေမှုနှင့် နှစ်အလိုက် သစ်ပင်များတိုးချဲ့စိုက်ပျိုးမှုနှင့်ရှင်သန်မှု အခြေအနေ၊ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။ ဆက်လက်၍အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းထွန်းက ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ မြစ်ရေတင်စနစ်ဖြင့် တမာကြီးပင်နှင့် အခြားအပင်များဧက ၁၆၀၀ စိုက်ပျိုးထားရှိမှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧက ၃၀၀၀ပြည့်အောင် စိုက်ပျိုးနိုင်ရေးစီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရွေးချယ်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တမာစိုက်ပျိုး မဖြစ်ထွန်းသောနေရာများတွင် ဒေသအလိုက်ဖြစ်ထွန်းနိုင်မည့် အပင်များရွေးချယ်စိုက်ပျိုးရန်ပြောကြားသည်။

ယင်းနောက် ရှုရပ်မှနေ၍ ရွှေပုံတောင်နှင့်ပတ်ဝန်းကျင်၌ တမာကြီးပင်နှင့်အခြားအပင်များစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့်စိမ်းလန်းစိုပြည်နေမှု အခြေအနေများကိုကြည့်ရှုပြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတိုင်း တမာပင်၊ ကြက်ဆူပင်နှင့်ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းမည့် အခြားသစ်ပင်များ ရွေးချယ်စိုက်ပျိုးရန်နှင့် မြေအစိုဓာတ်ရရှိပြီး စိမ်းလန်းစိုပြည်လာသည်နှင့် တစ်ပြိုင်နက် အမြဲစိမ်းသစ်ပင်များ ဆက်လက်စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး၏ သဘာဝပိုဇိုလန်(ပုပ္ပား)ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကုန်ကြမ်းထုတ်ယူမှု ကြည့်ရှု

ယင်းနောက် (P1-13)ဒေသလုပ်ငန်းစခန်းအတွင်း စက်ယန္တရားများဖြင့် သဘာဝပိုဇိုလန်ကုန်ကြမ်းထုတ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန၏ သဘာဝပိုဇိုလန်(ပုပ္ပား) ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မျက်မှောက်ကာလ ကွန်ကရစ်တမံကြီးများ တည်ဆောက်ရာတွင် အရည်အသွေးကောင်းမွန်ပြီး တည်ဆောက်ချိန်ကာလတိုတောင်းလျက် ကုန်ကျစရိတ်သက်သာစေရန် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောနှောအသုံးပြု၍ Rcc Dam (Roller Compacted Concrete Dam) များအဖြစ် တည်ဆောက်မှု အခြေအနေ၊ မြန်မာနိုင်ငံတွင် မီးတောင်ဟောင်းဒေသများ၌ သဘာဝပိုဇိုလန်ကိုတွေ့ရှိရမှု၊ သဘာဝပိုဇိုလန် အမြောက်အမြားတွေ့ရှိရသည့် ပုပ္ပားဒေသ၌ သဘာဝပိုဇိုလန် စက်ရုံစီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောစပ်

စာမျက်နှာ ၈ ကော်လံ ၁

ကြီးအုံ–ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သည့် ကြီးအုံ–ကြီးဝတမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ပေ၊ ပင်မတမံ ပေ ၃၂၈၀၊ ကန်ပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ဧက၁၀၈၆၀ရှိပြီး စီမံကိန်းပြီးစီးပါက မဲဇလီရေလှောင်တမံမှ တစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ ဧကနှင့် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်။ ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ် လုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၃၀ ကို ထုတ်လုပ် ပေးနိုင်မည်ဖြစ်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ညောင်ဦးမြို့နယ်ရှိ ညောင်ဦးခရိုင်ခြံ စည်း ရိုး ကြက် ဆူ ပင် စံပြ ပျိုးဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့ မျိုးဖောက်ခြင်း၊ ခြံစည်းရိုး ကြက်ဆူရိုင်း (မြန်မာ) အသီးစိမ်း၊ အသီးမှည့်၊ အသီးခြောက်၊ အစေ့နှင့် အပင်ပေါက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

အသုံးပြုလျက် Rcc Dam တည်ဆောက်နေမှု လေ့လာစမ်းသပ်ချက်များအရ မြန်မာနိုင်ငံတွင် သဘာဝပိုဇိုလန် တန်ချိန် ၇၄ သန်းခန့်တူးဖော်ရရှိနိုင်မည့် အခြေအနေနှင့် နိုင်ငံခြားပို့ကုန်အဖြစ် ထုတ်လုပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံအတွင်းရှိ Laboratory Building၌ကြိတ်ခွဲပြီး သဘာဝပိုဇိုလန်မှုန့်များ၏ အမှုန့်အရွယ်အစား Finess စမ်းသပ်ခြင်းပြုလုပ်မှုကိုလည်းကောင်း၊ စက်ရုံအတွင်း Ball Mill နှစ်လုံးဖြင့်ကုန်ကြမ်းမှကုန်ချောထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဘိလပ်မြေသယ်ယာဉ် ၃၅ တန်ထရပ်ကားများ (Bulk Cement Truck-35 ten) ကားများအတွင်းသို့ သဘာဝပိုဇိုလန်ကုန်ချောများကို ကုန်ချော Silo မှမှုတ်သွင်းစနစ်ဖြင့် ထည့်သွင်းမှုကိုလည်းကောင်း၊တန် ၅၀၀၀ ဆံ့စက်ရုံသိုလှောင်ရုံအတွင်း ကုန်ချောပိုဇိုလန်များကို တစ်တန်ဝင်အိတ်များအတွင်း ထည့်သွင်းမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့်စက်ရုံမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တစ်နေ့လျှင်တန် ၁၀၀၀ ထုတ်လုပ်နိုင်

သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့၏အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ငရန့်ကုန်းရွာအနီး၌ တည်ဆောက်ထားပြီး ကုန်ကြမ်းထုတ်လုပ်ရာ (P1-9)ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် ပမာဏ တန်ချိန် ၃ဒသမ၅သန်းနှင့် (P1-13)ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် တန်ချိန် ၃၂သန်း ထုတ်ယူနိုင်မည်ဖြစ်သည်။ ကုန်ချောသိုလှောင်နိုင်သည့် ပမာဏမှာ တန် ၁၄၀၀၀ဖြစ်ပြီး စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နေ့လျှင် တန်၁၀၀၀ထုတ်လုပ်နိုင်ကြောင်းနှင့် ပိုဇိုလန်ကုန်ချော ထုတ်လုပ်ခြင်းကို ၂၀၀၅ ခုနှစ် ဧပြီလတွင် စတင်ခဲ့ကြောင်းသိရသည်။

ယင်းနောက် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေ ၄နာရီတွင် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ပင်မရေတင်စက်ရုံစစ်ဆေး

ထို့နောက် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ပင်မမြစ်ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ မြစ်ရေဖြင့်ဒေသတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ စပါးသီးနှံလျာထားကေအတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပိုမိုပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်နေမှုနှင့် လက်တံမြောင်းများပြီးစီးမှုအခြေအနေတို့ကို တင်ပြသည်။ ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လောကနန္ဒာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ စဉ်ဆက်မပြတ်ရေပေးနိုင်ရန်အတွက် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ ပင်မမြစ်ရေတင်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပင်မရေငြိမ်ကန်ကိုကြည့်ရှုစစ်ဆေးကြပြီး ပင်မမြောင်းကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့်လှည့်လည်ပြီး ပင်မမြောင်းအတွင်း ရေဝင်ရောက်မှုနှင့် လက်တံမြောင်းများအတွင်း ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြကန်စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မြကန်အတွင်း သဲနုန်းများဖယ်ထုတ်ပြီး ရေနေရေးအတွက် ရေလုံလွှာခင်းခြင်းလုပ်ငန်းနှင့် ရေစိမ့်နံရံတည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းပြသသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူးဦးမျိုးထွန်းက မြကန်၏နောက်ခံသမိုင်း၊ မြကန်နှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာမှုများဆောင်ရွက်မှု၊ ရေလှောင်တမံအတွင်း ကောင်းစွာတာရှည်ရေသိုလှောင်နိုင်အောင် ဒီဇိုင်းရေးဆွဲပြုပြင်မှုအခြေအနေ၊ မူလတမံ၏အလျှောမှာမတ်စောက်သည့်အတွက် တမံအတွင်းဘက်အလျှောကို ၁း၂ ဒသမ ၇၅ ဖြင့်လည်းကောင်း၊ တမံအပြင်ဘက်အလျှောကို ၁း၂ဒသမ၅ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်၍ SC အမျိုးအစားမြေကြီးကို ဖို့မြေအဖြစ် အသုံးပြုခဲ့ပုံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြေပုံကားချပ်ဖြင့်ရှင်းလင်း

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က မြကန်၏ရေဝေရေလဲဒေသဖြစ်သည့် ညောင်ဦးမြို့နယ် တုရင်တောင်တန်းသည် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ပိုက်လှမ်းတောင်နှင့် ကန်ကြီးကုန်းတောင်တို့ပါဝင်ပြီး စုစုပေါင်းဧက ၂၇၆၀ ကျယ်ဝန်းကြောင်းနှင့် တုရင်တောင်ဒေသ၌ တမာ၊ ထနောင်း၊ ရှား၊ ဆူးဖြူ၊ ကန္တာစိမ်းစသည့် သဘာဝပေါက်ပင်များဖြင့် သဘာဝတောများကိုထိန်းသိမ်းထားရှိမှုအခြေအနေ၊ သစ်တောစိုက်ခင်းအဖြစ် ဧက၁၃၀၀စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် မြကန်ရေဝေရေလဲဧရိယာ၌ စိုက်ခင်းဧကပေါင်း ၄၂၀၀ကျော်၊ အပင်ပေါင်း၉၈၈၀၀၀ကျော်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က တုရင်တောင်၊ မြကန်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

နန်းမြင့်မျှော်စင်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် ပုဂံရှုခင်းကြည့်ဆောင်နှင့် Open Viewing Level တို့မှနေ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကြည့်ရှုသည်။

မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့တွင်ရောက်ရှိနေသော ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြင်းခြံ

ဗူးရွာရေလှောင်တမံစီမံကိန်း

ဗူးရွာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်ခန့်အကွာ ဗူးရွာအနီး မုန်းချောင်းအပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်။ တမံအမြင့် ၂၄၃ပေ၊ အလျားပေ ၆၀၄၀ ရှိ၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက ၈၇၃၀ ရှိ။ ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၂၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်း ရေလှောင်တမံနှင့် ကြီးအုံ–ကြီးဝတမံတို့ကို ရေကူ အားဖြည့်ပေးနိုင်မည်ဖြစ်။

မုန်းချောင်းကိုအခြေခံပြီးဆောင်ရွက်နေသည့် မုန်းချောင်းရေလှောင်တမံစီမံကိန်း၊ ဗူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်လာရေးဆောင်ရွက်

ခရိုင် တောင်သာမြို့နယ်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် တောင်သာမြို့နယ်ရှိ ကျော့ဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြသည်။

မြစ်ရေတင်မှုကြည့်ရှု

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ ပင်မရေတင်စက်ဖြင့် မြစ်ရေတင်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ကျော့ဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ တည်နေရာ၊ ဧရာဝတီမြစ်မှရေကိုစုပ်တင်၍ ကျော့ဇီဒေသရှိ စပါးဧက ၄၀၀၀၊ ဝါဧက ၁၀၀၀နှင့်အခြားဆီထွက်သီးနှံဧက ၃၀၀၀ စုစုပေါင်း ဧက ၈၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေမည့်အစီအစဉ်၊ ရေတင်လုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားအသုံးပြုမှုနှင့် လိုအပ်ချက်၊ ရေတင်စခန်းသုံးခုအတွက် ရေစုပ်စက်များတပ်ဆင်ပြီးစီးမှုအခြေအနေ မြောင်းမကြီးနှင့် လက်တံမြောင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်လုပ်ငန်းလိုအပ်ချက်များ မိုးစပါးသတ်မှတ်လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေနိုင်ရန် ဧရာဝတီမြစ်၏ ရေလမ်းကြောင်း ကောင်းမွန်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအုန်းမြင့်က လက်တံမြောင်း၊ ပင်မမြောင်းများ အုတ်စီခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ရေတင်လုပ်ငန်းအတွက် လိုအပ်သောရေရရှိရန် ၂၀၀၃ခုနှစ်မှ စတင်၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေခေါ်ရေကာ ရှစ်ခု၊ ရေလမ်းထိန်း ရေကာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ကျောက်ပန်းတောင်းမြို့နယ်ရှိသဘာဝပိုဇိုလန် (ပုပ္ပား) ထုတ်လုပ်ရေးစက်ရုံတွင်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တစ်ခုတို့အပြင် သောင်တူးလုပ်ငန်းများပါ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအတွက် လုံလောက်သောရေရရှိအောင် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရေငြိမ်ကန်အတွင်းသို့ အချင်းလက်မ ၃၀ရှိ သံပိုက်လိုင်းများဖြင့် ဧရာဝတီမြစ်မှတစ်ဆင့် ရေတင်မှု၊ ရေငြိမ်ကန်မှ ပင်မမြောင်းအတွင်း ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ပုဂံ-ညောင်ဦးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ

သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံသည်ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ငရန့်ကုန်းရွာအနီး၌ တည်ဆောက်ထားပြီး ကုန်ကြမ်းထုတ်လုပ်ရာ (P1-9) ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန်ပမာဏ တန်ချိန် ၃ဒသမ ၅သန်းနှင့် (P1-13) ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် တန်ချိန် ၃၂သန်း ထုတ်ယူနိုင်မည်ဖြစ်။ ကုန်ချောသိုလှောင်နိုင်သည့် ပမာဏမှာ တန်၁၄၀၀၀ ဖြစ်ပြီး စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နေ့လျှင် တန်၁၀၀၀ထုတ်လုပ်နိုင်ကြောင်းနှင့် ပိုဇိုလန်ကုန်ချောထုတ်လုပ်ခြင်းကို ၂၀၀၅ခုနှစ်ဧပြီလတွင်စတင်ခဲ့။

ကျောက်ပန်းတောင်းမြို့နယ်ရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရာ ဒေသ လုပ်ငန်းစခန်းတွင် စက်ယန္တရားများဖြင့် ကုန်ကြမ်း ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြိုဆို

ဆက်လက်၍ ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် စံပြပျိုးဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့ မျိုးဖောက်ခြင်း၊ ခြံစည်းရိုးကြက်ဆူရိုင်း(မြန်မာ)အသီးစိမ်း၊ အသီးမှည့်၊ အသီးခြောက်၊ အစေ့နှင့် အပင်ပေါက်များကို ကြည့်ရှုစစ်ဆေးကြသည်။

စိုက်ပျိုးရန်လျာထားမှု

ဆက်လက်၍ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ် ဧက၁၀၀ ပျိုးပင် ၁၂၀၀၀၀ ထူထောင်ထားရှိမှု၊ ခရိုင်အတွင်း ၂၀၀၆-၂၀၀၇ခုနှစ်၌ ၂၈၁၃၉ဧက စိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၃၆၃၃၆ဧကနှင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၄၄၅၃၃ဧက စိုက်ပျိုးရန် လျာထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း စိုက်ပျိုးရန် လျာထားဧကအတွက် မျိုးစေ့နှင့် မျိုးကိုင်းများလိုအပ်ချက်၊ မျိုးစေ့တင်း၉၀နှင့် ပျိုးကိုင်း ၃၈၅၆၄၀၀ စုဆောင်းရရှိမှုအခြေအနေ၊ ညောင်ဦးခရိုင်အတွင်း ယခင်ကပေါက်လျက်ရှိသော အပင်ပေါင်းငါးသိန်းကျော်မှ မျိုးကိုင်း၂၉သန်း ငါးသိန်းခန့် ရရှိမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပေး

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပျိုးအိတ်များအတွင်း ပျိုးကိုင်းနှင့် ပျိုးစေ့များကို စိုက်ပျိုးပေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုဂံ-ညောင်ဦးလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီစံ ရွှေနိုင်ငံ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီ။

မဟာရဋ္ဌ+အဘိသာမဂ္ဂီ+စေတီ။

ကြီးမြတ်သောနိုင်ငံ၏+ ထူးကဲသောစည်းလုံးညီညွတ်မှုဖြင့်+ အပူဇော်ခံတော်မူသည့် မွေတော်၊ ဓာတ်တော်ဒြပ်ပုံ။

(ခ)

ပါဠိဘာသာအားဖြင့် 'ရဋ္ဌ'သည် 'နိုင်ငံ'ဖြစ်၏ ယင်းနိုင်ငံသည် ဂုဏ်အရည်အသွေး တောက်ပလျှင်၊ မျိုးနွယ်စုအားဖြင့် များပြားလျှင်၊ ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်လျှင် 'မဟာရဋ္ဌ–ကြီးမြတ်သောနိုင်ငံတော်'ဖြစ်၏။

မြန်မာနိုင်ငံသည် ရတနာသုံးပါးဂုဏ်ရည်နှင့်တကွ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမျိုးသားရေးဗီဇများ မြင့်မားတောက်ပလျက်ရှိသလို မျိုးနွယ်စုအားဖြင့် လူမျိုးတစ်ရာကျော်တည်ရှိနေကာ ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်လျက်ရှိသောကြောင့် မြန်မာသည် မဟာဖြစ်လေ၏။

ဤတွင် ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်ပုံကို အာဆီယံ ၁၀ နိုင်ငံချင်း နှိုင်းယှဉ်ကြည့်ကြပါစို့။

၁။	မြန်မာနိုင်ငံ	ပထဝီအကျယ်အဝန်း	၂၆၂၀၀၀	စတုရန်းမိုင်။
၂။	ထိုင်းနိုင်ငံ	”	၁၉၈၅၀၀	”
၃။	မလေးရှားနိုင်ငံ	”	၁၂၇၃၀၀	”
၄။	ဗီယက်နမ်နိုင်ငံ	”	၁၂၇၂၀၀	”
၅။	ဖိလစ်ပိုင်နိုင်ငံ	”	၁၁၆၀၀၀	”
၆။	လာအိုနိုင်ငံ	”	၉၁၄၀၀	”
၇။	ကမ္ဘောဒီးယားနိုင်ငံ	”	၆၉၉၀၀	”
၈။	ဘရူနိုင်းနိုင်ငံ	”	၂၂၀၀	”
၉။	စင်ကာပူနိုင်ငံ	”	၂၅၀	”
၁၀။	အင်ဒိုနီးရှားနိုင်ငံ	”	၇၄၁၁၀၀	”

ထို့ကြောင့် အာဆီယံ ၁၀နိုင်ငံ၌ ပထဝီအကျယ်အဝန်းအားဖြင့် အင်ဒိုနီးရှားတစ်နိုင်ငံတည်းသာ မြန်မာနိုင်ငံထက် ကျယ်ဝန်းသည်။ ထို့အပြင် တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၁၉၁နိုင်ငံအနက် မြန်မာနိုင်ငံထက်ကျယ်ဝန်းသော နိုင်ငံပေါင်းမှာ ၄၁နိုင်ငံသာ ရှိလေ၏။

ယင်းကဲ့သို့ ပထဝီအကျယ်အဝန်းရှိသည့် မြန်မာနိုင်ငံသည် သုန္ဒရပထဝီ (မြေကောင်း)ဖြစ်လျက်ရှိခြင်း၊ ယင်းနှင့်တွဲယှဉ်သော ရေသည်လည်း သုန္ဒရဇလာ(ရေကောင်း)ဖြစ်လျက် ရှိခြင်း၊ ယင်းမြေကောင်း၊ ရေကောင်းတို့နှင့်အတူ လူမျိုးတစ်ရာကျော် စုစည်းညီညွတ်စွာ ဖြစ်တည်လျက်ရှိခြင်း၊ ဗြဟ္မစိုရ်တရား မင်္ဂလာတရား ထင်ရှားသော ယဉ်ကျေးမှုဂုဏ်ရည် လဲ့လဲ့ကြည် လက်လက်လင်းလျက် ရှိခြင်းတို့ကြောင့် ဤမြန်မာနိုင်ငံသည် မဟာရဋ္ဌ (ကြီးမြတ်သော နိုင်ငံတော်)အဖြစ် ထွန်းသစ်လျက်ရှိပါသည်။ ဤနိုင်ငံကို Golden Land အဖြစ် ရွှေနိုင်ငံဟုလည်း ကမ္ဘာက သိနေကြပါသည်။

ဤကြီးမြတ်သော ရွှေနိုင်ငံ၌ အတိတ်ကာလတစ်ကွေ့တုန်းက ကိုလိုနီနယ်ချဲ့၏ ကျွန်ပြုခံခဲ့ရသည်တွင် သူ့ကျွန်အဖြစ် နှံ့နစ်ခြင်းမှ ရုန်းထလွတ်မြောက်အောင် စွမ်းဆောင်ခဲ့ကြရာဝယ် တစ်နိုင်ငံလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း အားခဲမာန်တင်း ထန်ပြင်းသော စည်းလုံးညီညွတ်မှု (အဘိသာမဂ္ဂီ)ကို တစ်ခဲနက်ရရှိခဲ့သည့် သမိုင်းကြောင်းရှိခဲ့ဖူး၏။ အခြားမဟုတ်ပါ၊

လွတ်လပ်ရေးခရီး စုစည်းညီညွတ် တုလွတ်အံ့အဲ ထူးကဲသော အဘိသာမဂ္ဂီတရား၏ စွမ်းပကားကို နောင်လာနောက်သား မြေးမြစ်များ စိတ်ဘဝင်မှာ စွဲထင်မြဲမြံနေစေမည့် ကြေးမုံမှန်ပမာ အဖြာဖြာသော ကောင်းကျိုး၊ အမျိုးမျိုးသောရလဒ် မပြတ်တိုးပွား များပြားဉသုံ အမြဲထုံလာတော့မည် ကေန်ဖြစ်၏။

လွတ်လပ်ရေးသန္ဓေဟု ဆိုအပ်သော ပင်လုံစာချုပ်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံဒေသ၌ တိုင်းရင်းသားခေါင်းဆောင်များအားလုံး စည်းလုံးညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ တိုင်းရင်းသားညီအစ်ကိုများအားလုံးတို့၏ တစ်ခဲနက်သော စည်းလုံးညီညွတ်မှု(အဘိသာမဂ္ဂီ)ကို ဓမ္မအမြင်ဖြင့် ရှုကြည့်လျှင် ယင်းသည် ကုသိုလ်ကောင်းမှုစစ်စစ်ဖြစ်၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ထာဝရ လိုလားတော်မူသော အမွန်အမြတ်တရားအဖြစ် တွေ့မြင်ရ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းစည်းလုံးညီညွတ်မှု၌ ကိုယ်နှင့်ထပ်တူပြုမှု(မေတ္တာ)၊ ငဲ့ညှာစာနာမှု(ကရုဏာ)၊ ဝမ်းသာအားပေးမှု(မုဒိတာ)၊ အစွန်းနှစ်ဖက်သို့ မနင်းမကျွံမှု(ဥပေက္ခာ)ဟူသော ဗြဟ္မစိုရ်တရားအပြင် ကာလသုံးရပ်အပေါ် မပြတ်သုံးသပ်နိုင်စွမ်းရှိပြီး ရှေ့အနာဂတ်ကို တင်ကြိုမြော်မြင်နိုင်စွမ်းရှိသည့် ပညာတရားပါ ထင်ရှားစွာ အနှစ်အသားအဖြစ် ပါဝင်နေသောကြောင့်ဖြစ်၏။

ထို့ကြောင့် စည်းလုံးညီညွတ်မှုနှင့် အမြော်အမြင်ကိုအခြေပြုသည့် အဘိသာမဂ္ဂီအား နိုင်ငံသားအားလုံးတို့က မြတ်မြတ်နိုးနိုး တန်ဖိုးထားရင်း ဥမကွဲသိုက်မပျက် အတူတွဲလက်ယှက် ဘေးကွဲခွဲမထွက် တက်ညီလက်ညီ ဦးတည်ချက်မိမိ အမြော်အမြင်ရှိရှိ လျှောက်လှမ်းကြရေးမှာ ပင်လုံကပေးသော အမျိုးသားရေးတာဝန်ဖြစ်တော့၏။

(ဂ)

ပင်လုံစာချုပ်ပေါ်ထွန်းလျက် ပြည်ထောင်စုစိတ်ဓာတ် ထွန်းပရာ ပင်လုံဒေသကို ဂုဏ်ပြုသောအားဖြင့် ယနေ့တပ်မတော်အစိုးရသည် ယခင်ခေတ်အဆက်ဆက် မည်သည့်အစိုးရကမျှ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့သည့် ဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်အောင် ရွက်ဆောင်ပေးနေသဖြင့် ယနေ့ ပင်လုံသည် မနေ့ပင်လုံထက် အဘက်ဘက်မှာ လင်းလက်ဝင့်ဝဲနေလေပြီ။

ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်၊ ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၊ ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းစခန်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ လင်းခေးမြစ်ရေတင်စီမံကိန်း၊ ဝမ်ပုံဆည် စသည်... စသည်များ...။

ယင်းတို့အပြင် အထူးအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် မည်သည့်ဒေသမှာမှ မတည်ရှိဘူးသေးသည့် ထူးခြားဆန်းကြယ်အံ့သြဖွယ်တို့နှင့် ပြည့်စုံသော စေတီတော်ကြီးတစ်ဆူကို တပ်မတော်အစိုးရက ဦးဆောင်လျက် စေတနာရှင် တိုင်းရင်းသားများ၏ ပူးပေါင်းဒါနတို့ဖြင့် ပင်လုံဒေသ၌ တည်ထားနေပါသည်။ စေတီတော်ကြီး၏ ဘွဲ့နာမတော်မှာ မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက– **"တိုင်းရင်းသားလူမျိုးအပေါင်းတို့ စုစုစည်းစည်း တလုံးတစည်းတည်း ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ လွတ်လပ်ရေးရရှိကာ ပြည်ထောင်စုကြီး ဖြစ်ထွန်းလာသည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ကောင်းမှု ဆည်းပူးပြုလုပ်ပေးရေး ပင်လုံဒေသ၌ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပူဇော်ရန်"** လမ်းညွှန်ချက်နှင့်အညီ ၂၈–၁၁–၂၀၀၂ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း) ဦးဆောင်သောအဖွဲ့ ပင်လုံသို့ရောက်ရှိလာကြပြီး ဒေသခံ ဆရာတော်ကြီးများအားဖူးမြော်ရင်း "ဆရာတော်ကြီးများအနေဖြင့် စေတီယဝတ္ထု (စေတီတည်မည့်မြေနေရာ) သတ်မှတ်ပေးတော်မူကြပါရန်" လျှောက်ထားရာ ဆရာတော်ကြီးများက ပြည်ထောင်စုအောင်မြေဖြစ်သည့် ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း သတ်မှတ်ပေးတော်မူကြသည့်အတိုင်း ၂၉–၁၁–၂၀၀၂ရက်နေ့နံနက်ပိုင်းမှာ ရှေးထုံးစဉ်လာနှင့်အညီ ယင်းစေတီယဝတ္ထု၌ ဆရာတော်၊ သံဃာတော်များက မြေသန့်ကမ္ဗဝါစာ၊ အန္တရာယ်ကင်းကမ္ဗဝါစာများ ရွတ်ဖတ်ခြင်း၊ ပရိတ်မေတ္တာပွားများခြင်းတို့ဖြင့် မြေသန့်မင်္ဂလာပြုတော်မူကြကာ မင်္ဂလာအချိန်ဝယ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း) ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ရတနာပန္နက်တော်ကို တင်ပေးခဲ့ခြင်းဖြင့် မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီနိဒါန်း လက်ပန်းပေါက်ခတ်သော မနသီဇောပွင့် အဦးဖွင့်ပေးခဲ့လေ၏။

၁၂–၄–၂၀၀၃ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့လေ၏။

(ဃ)

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် တည်ဆောက်ရေးစီမံကိန်းကို အေရှားဝေါ(လ်) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိ၏။ ခေတ်အမီဆုံး အဆင့်မြင့်နည်းပညာဖြင့် တည်ထားခြင်းဖြစ်သောကြောင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ အကူအညီကိုလည်း ရယူလျက်ရှိ၏။ ဘုဏ်တော်အမြင့် ၁၃၅ပေရှိ ရွှေတိဂုံပုံတူစေတီဖြစ်ပြီး အတွင်း၌ လိုဏ်ခံထားကာ ယင်းလိုဏ်ကို ခေတ်မီနည်းပညာအရ တိုင်တစ်လုံးမျှမခံဘဲ အချင်းပေ ၁၂၀၊ အမြင့်ပေ၆၀အထိ ခုံးသဏ္ဌာန် အုပ်ဆောင်းပုံ တည်ဆောက်ခြင်းဖြစ်၍ တည်ဆောက်ရေးအပိုင်း၊ ဗိသုကာပုံစံထုတ်လုပ်မှု အပိုင်း၊ တည်ဆောက်မှုအရည်အသွေး စစ်ဆေးရေးအပိုင်း၊ ခံနိုင်ဝန်အား စိစစ်တိုင်းတာမှုအပိုင်း၊ မြန်မာမှုလက်ရာ တပ်ဆင်ရေးအပိုင်းစသော လုပ်ငန်းအဆင့်ဆင့်တို့ကို ပညာရှင်အချင်းချင်း ညှိနှိုင်းကာ တည်ဆောက်လျက်ရှိ၏။

- မြန်မာနိုင်ငံ၌ ပထမဆုံးအဆင့်မြင့် နည်းပညာအရ အမာခံတည်ဆောက်မှုပုံစံဖြင့် တည်ထားခြင်း၊
- အတွင်းလိုဏ်၌ မဏ္ဍိုင်(တိုင်)များ မပါရှိဘဲ ဟင်းလင်းပြင် တည်ဆောက်ခြင်း၊
- လိုဏ်ဗဟိုချက်၌ အချင်း၂၁ပေရှိ သံကူကွန်ကရစ် အချုပ်ပါရှိခြင်း၊
- ပေ ၁၂၀အဝန်း၏ အောက်ခြေပြန့်ကားခြင်းနှင့် ကျုံ့ဝင်ခြင်း မရှိအောင် အထူးတွက်ချက်ထားသည့် ဖြက်၂၄လက်မ၊ ဒုလက်မ ၄၀၊ သံချောင်းပေါင်း ၃၆ချောင်းချည်နှောင်ထည့်သွင်းထားသော သံကူကွန်ကရစ် ရက်မကြီးများဖြင့် မြေထဲ၌ လက်ယှက်ထိုးချုပ်လျက် တည်ထားခြင်း၊
- လိုဏ်အထက်ရှိ စေတီတော်၏ ဖိအားမရှိစေရန် ပုံဖော်အုတ်ဖြင့် အခိုင်အခံ့ တည်ထားခြင်း။

ယင်းသို့သော ဝိသေသလက္ခဏာတို့ကြောင့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်သည် မိုးဒဏ်၊ လေဒဏ်၊ ငလျင်ဒဏ်ကို ခံနိုင်ရည်ရှိသော ရွှေတောင်ကြီးအသွင် မြေပြင်မှ ဝေဟင်လွင့် မားမားမြင့်စံပယ်တော်မူမည်ဖြစ်၏။

(င)

၂၀၀၆ခုနှစ် ဇန်နဝါရီလ၂ရက်နေ့ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ လွိုင်လင်ခရိုင် ပင်လုံမြို့သို့ ရောက်ရှိလာပြီး မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်လိုဏ်အတွင်း၌ စေတီတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့မိသားစု၏ အလှူငွေကျပ် ၂၁သိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွန်းနှင့်ဇနီး ဒေါ်ခင်မြင့်ဝေမိသားစု၏ အလှူငွေကျပ် ၂၁သိန်းတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ပေးအပ်လှူဒါန်း၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စစ်ဌာနချုပ်၏ လှူဒါန်းငွေကျပ်သိန်း ၅၀၀နှင့် တိုင်း၊ တပ်မများ၏လှူဒါန်းငွေကျပ် ၂၃၆သိန်း တစ်သောင်းကို ပေးအပ်လှူဒါန်း၏။

ယင်းအပြင် တောင်ကြီးမြို့မှ စေတနာရှင်များ၏ အလှူငွေကျပ်သိန်း ၁၁၀၀၊ ဦးထွန်းမြင့်နိုင် (အေရှားဝေါလ်ကုမ္ပဏီ)က အလှူငွေကျပ်သိန်း ၃၃၀၊ ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)က အလှူငွေကျပ်သိန်း၃၀၀စသည်ဖြင့် အလှူ့ဒါနရှင်များက တာဝန်ရှိသူများထံ အလှူငွေများပေးအပ် လှူဒါန်းကြရာ ယင်းနေ့ အလှူငွေစုစုပေါင်းမှာ ၃၉၁၀၇၈၉၉၂ ကျပ်ဖြစ်လေ၏။ သာဓုခေါ်သံ မိုးနဘံ ညံညံမြည်ဟည်းလှိုက်တုန်၏။

(စ)

ယခုအခါဝယ် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်ရေး စီမံကိန်းတစ်ခုလုံး အောင်မြင်ပြီးစီးတော့မည်ဖြစ်၏။ ဟင်းလင်းပြင်လိုဏ်အတွင်း၌ ပလ္လင်ရှစ်ခန်းနှင့် အလယ်ဓာတ်တော်တိုက် တည်ဆောက်မှု ဥသုံပြီးစီးလျက်ရှိပြီး ယင်းပလ္လင်များပေါ်ဝယ် စံပယ်တော်မူမည့် ရုပ်ပွားတော်ရှစ်ဆူ ကြွရောက် စံပယ်တော်မူပြီးလည်းဖြစ်၏။ ဘုရားဖူးကုသိုလ်ရှင်များနှင့် စည်ကားလျက်ပင် ရှိနေပါပြီ။

ယခုကဲ့သို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်ခြင်းဖြင့်–

* ဗုဒ္ဓမြတ်စွာ သာသနာအတွက် ကမ္ဘာတည်သရွေ့ မရွေ့မယိုင် မတ်မတ်ခိုင်သည့် ကျောက်စိုင်ကျောက်သားအလား ပုံဆောင်မြင်းမိုရ်တောင်ပမာ၊
* ပြည်ထောင်စုကြီး ပေါ်ထွန်းလာသည်အထိ အတိတ်၏ ခရီးတစ်လျှောက် မကြောက်မရွံ့ စွန့်စွန့်စားစားစွမ်းအား ထက်ထက်မြက်မြက် ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စု မျိုးချစ်ပုဂ္ဂိုလ်ကြီးတို့အတွက် ပျော်မွေ့ခိုနားရာ ကုသိုလ်ရိပ်ကွန်းပမာ၊
* **လွတ်လပ်ရေးခရီး စုစည်းညီညွတ် တုလွတ်အံ့အဲ ထူးကဲသော အဘိသာမဂ္ဂီတရား၏ စွမ်းပကားကို နောင်လာနောက်သား မြေးမြစ်များ စိတ်ဘဝင်မှာ စွဲထင်မြဲမြံနေစေမည့် ကြေးမုံမှန်ပမာ အဖြာဖြာသောကောင်းကျိုး၊ အမျိုးမျိုးသောရလဒ် မပြတ်တိုးပွား များပြားဉသုံ အမြဲထုံလာတော့မည် ကေန်ဖြစ်၏။**

(ဆ)

မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီစံ ရွှေနိုင်ငံဝယ် မြဲမြံသော အဘိသာမဂ္ဂီတရား လွှမ်းပြန့်ပွားလျက် တိုင်းရင်းသားထု ပြည်ထောင်စုစိတ်ဓာတ် မွန်အမြတ်တို့ မပြတ်ဖွံ့ဖြိုး တိုးထက်တိုးရင်း အမျိုးဘာသာ သာသနာ ရောင်ဝါဝင့်ဝဲ နေပါသတည်း။ ။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို စစ်ဆေးကြပ်မတ်ကြစဉ်။

(သတင်းစဉ်)

အောင်စကြာဆရာတော်ဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်ညများတွင် လက်ပံတန်းမြို့နယ် မင်းလမ်းကျေးရွာ၊ ၇ရက်၊ ၈ ရက်နှင့် ၉ ရက်ညများတွင် ထိန်တောမြို့၊ ၁၀ ရက်၊ ၁၁ရက်နှင့် ၁၂ရက်ညများ၌ လက်ပံတန်းမြို့နယ် အရှေ့မော်အင်းကျေးရွာ၊ ၁၃ရက်ညတွင် ရွှေပြည်သာမြို့နယ် ဈ/၃၄၊ ၁၀ရပ်ကွက်၊ သီတဂူပန်းခြံ၊ ၁၄ရက်ညတွင် လှိုင်သာယာမြို့နယ် ၂/၆/၇-၅ ထိပ်၊ ၁၅ရက်၊ ၁၆ရက် ညများတွင် ပဲခူးမြို့ဥဿာမြို့သစ်၂ရပ်ကွက် ဓမ္မစေတီနန်းဦးကျောင်းလမ်း၊ ၁၇ရက်ညတွင် ရွှေပြည်သာမြို့နယ် ဥ၃၈-၁၈ရပ်ကွက် သမာဓိလမ်းသွယ်၊ ၁၈ရက်၊ ၁၉ ရက်နှင့် ၂၀ရက်ညများ၌ ဖျာပုံမြို့ အပြောင်ရပ်ကွက် ထူပါရုံဘုရား၊၂၁ရက်နှင့်၂၂ရက်ညများတွင် ထန်းတပင်မြို့နယ် ကုန်းတန်းရှိကျေးရွာတို့တွင် ဓမ္မခရီးကြွရောက်ဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့ အောင်ဓမ္မရိပ်သာ အင်္ဂလားလေးရွာဦးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၈ရက် (၅-၂-၂၀၀၆)ရက် တနင်္ဂနွေနေ့နံနက်၉ နာရီမှစတင်ဖွင့်လှစ်၍ တပို့တွဲလဆန်း ၁၁ ရက်(၈-၂-၂၀၀၆)ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ၌ ရုပ်သိမ်းပြီး လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ဒါယကာ ဒါယိကာမများအား ကြွရောက် သဒ္ဓါပွားနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးကြပ်မတ်

ရန်ကုန် ဇန်နဝါရီ ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌွေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်ပြုလက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ပဉ္စမနေ့တွင် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ကောလိပ်၊သိပ္ပံနှင့်အခြေခံကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့် (၈ တန်း၊ ၉ တန်း၊ ၁၀ တန်း)နှင့် အခြေခံပညာ အလယ်တန်း အဆင့်(၅ တန်း၊ ၆ တန်း၊ ၇ တန်း) ကျောင်းများအလိုက် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ကဗျာပြိုင်ပွဲ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ပြိုင်ပွဲများကို ၄-၂-၂၀၀၆ရက် (စနေနေ့) နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ စာစီစာကုံးပြိုင်ပွဲများကို လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ ကဗျာပြိုင်ပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်တွင် စစ်တက္ကသိုလ်၊ တပ်မတော် ဆေးတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ် တက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ယဉ်ကျေးမှုတက္ကသိုလ်များ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၊ သမဝါယမ ဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ပထမဘွဲ့မရသေးသော ဘွဲ့ကြိုကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အခြေခံပညာ အထက်တန်းအဆင့်ပြိုင်ပွဲများကို ၄-၂-၂၀၀၆ရက် (စနေနေ့)နံနက် ၉နာရီမှနံနက်၁၁ နာရီထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့်၁၂နာရီမှမွန်းလွဲ၂နာရီထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန်တည်းကျောင်းအလိုက် ကျင်းပမည်ဖြစ်သည်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အခြေခံပညာ အလယ်တန်းအဆင့်ပြိုင်ပွဲများကို ၅-၂-၂၀၀၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ နံနက် ၁၁ နာရီထိ စာစီစာကုံးပြိုင်ပွဲကို လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း၊ တစ်ချိန်တည်း ကျောင်းအလိုက်ကျင်းပမည်ဖြစ်သည်။ ၅တန်း၊ ၆တန်း၊ ၇တန်း ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် စာစီစာကုံးသည် စာလုံးရေ ငါးထောင်ထက်မပိုစေရဘဲ၊ ကဗျာပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် ကဗျာသည် ပါဒသုံးရာထက် မပိုစေရပါ။

အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာကျောင်းများ၌ ၂-၂-၂၀၀၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသားကျောင်းသူများအနေဖြင့် မိမိ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၌ ၂-၂-၂၀၀၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် သက်ဆိုင်ရာ အဝေးသင်ဌာနခွဲများ၌ စာရင်းပေးသွင်း၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဝင်ရောက်ဖြေဆိုနိုင်သည်။ ဗဟိုအဆင့်ပထမ၊ဒုတိယ၊ တတိယ ရရှိကြသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး စုစုပေါင်း ၁၈ ဦးတို့ကို ၂၀၀၆ ခုနှစ် မတ် ၂၇ ရက် တပ်မတော်နေ့၌ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော် နောက်ဆုံးနေ့ လာရောက်ကြည့်ရှုလေ့လာသူများစည်ကား

ရန်ကုန် ဇန်နဝါရီ ၂၉

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ယနေ့နံနက် ၇ နာရီမှည၇ နာရီခွဲအထိ နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပရာ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် ပွဲတော်နောက်ဆုံးနေ့တွင် အများပြည်သူ အလုပ်ပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သည်နှင့်အညီ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်သို့ ပြည်သူများသည် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေ အပေါင်းအသင်းများဖြင့်အစုအဖွဲ့အလိုက်လည်းကောင်း၊ တစ်ဦးချင်းလည်းကောင်း ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လေ့လာ အပန်းဖြေကြသည်။

ကြည့်ရှုလေ့လာ

ပွဲတော်ကျင်းပသည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပန်ဒါနီ၊ မောက်တင်ကြိုးကြာ၊ ကြယ်လိပ်၊ ရွှေသမင်၊ကျား၊ အောင်လောင်၊ တောင်ဆိတ်နီ၊ ငှက်ကုလားအုပ်အပါအဝင်နို့တိုက်သတ္တဝါ ၆၁ မျိုး ကောင်ရေ ၅၆၁ ကောင်၊ ကျေးငှက်သတ္တဝါမျိုး ၇၀ ကောင်ရေ ၄၁၅ကောင်၊ တွားသွားသတ္တဝါ ၁၆ မျိုး ကောင်ရေ ၁၂၄ ကောင် စုစုပေါင်း ၁၄၇မျိုးကောင်ရေ၁၁၀၀တို့ကို လှောင်အိမ်များဖြင့် စနစ်တကျမွေးမြူ ပြသထားရာ ပွဲတော်လာပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် ပွဲတော်တွင် အထူးအစီအစဉ်အဖြစ် ဖျော်ဖြေတင်ဆက်သည့် တိရစ္ဆာန်လိမ္မာပြပွဲနှင့် စတီရီယိုတေးသံရှင်များ၏ စင်တင်တေးဂီတ ဖျော်ဖြေပွဲတို့ကိုလည်း ပြည်သူများအားပေးကြည့်ရှု အပန်းဖြေကြသည်။

အလားတူ တိရစ္ဆာန်ဥယျာဉ်အတွင်း လူသွားလမ်းတစ်လျှောက်၌ အိမ်သုံးကုန်၊ လူသုံးကုန်နှင့်စားသောက်ကုန် ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများ၊ မိသားစုအလိုက်လွယ်လင့်တကူဝယ်ယူစားသောက်သူများဖြင့် စည်ကားလျက်ရှိသည်။

စီးနင်းအပန်းဖြေ

ထို့အတူ ပွဲတော်လာ ပြည်သူများသည် ကလေးငယ်များ၏ တိရစ္ဆာန်ပုံစံဝတ်စုံပြပွဲနှင့်သီချင်းအဆိုပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကန်ငယ်အတွင်း၌ မိသားစုအလိုက် အပျော်စီးလှေများဖြင့် စီးနင်းအပန်းဖြေကြသည်။

ယနေ့ပွဲတော် နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေသူပြည်သူ နှစ်သိန်းနှစ်သောင်းကျော်ရှိသည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်သမိုင်းတွင် လာရောက်လည်ပတ် လေ့လာသူဦးရေ အများဆုံး စံချိန်တင်နိုင်ခဲ့ပြီး အေးချမ်းပျော်ရွှင်စွာဖြင့် ပွဲတော်ကိုပိတ်သိမ်းခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရေး ရှင်းလင်းလွယ်ကူသော လုပ်ထုံးလုပ်နည်းစနစ်များ ပီပြင်စွာဖော်ဆောင်

ရန်ကုန် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ၂၆ ရက် နံနက်၇နာရီခွဲက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသော အကောက်ခွန်နေ့အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် အကောက်ခွန်ဦးစီးဌာနသည် အခွန်ဘဏ္ဍာငွေ စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင်တင်သွင်းတင်ပို့မှုများကို ကာကွယ်တားဆီးခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေရသော အဖွဲ့အစည်းဖြစ်သဖြင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတကာကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ရှင်းလင်း လွယ်ကူသည့် လုပ်ထုံးလုပ်နည်းစနစ်များပီပြင်စွာဖြစ်ပေါ် လာရေးရည်မှန်းချက်ကို အလေးအနက် အကောင်အထည် ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကို ဖော်ဆောင်ရာမှာလည်း နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လုံခြုံမှုကို အလေးပေးဆောင်ရွက်နေကြရမှာဖြစ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းမှုနှင့် စည်းကမ်းလိုက်နာမှုတို့တွင် နိုင်ငံတော်က ယုံကြည်အားထားရသော ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးပမ်းသွားကြရန်လိုအပ်ကြောင်းပြောကြားသွားသည်။

ထို့နောက် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစာမေးပွဲ၌ ထူးချွန်ဆုရရှိသူ အရာထမ်း၊ အမှုထမ်းများအား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။ဆက်လက်၍ အားကစားဆိုင်ရာ ဂုဏ်ပြုချီးမြှင့်မှတ်တမ်းတင်ခြင်းခံရသောဝန်ထမ်းများအား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကလည်းကောင်း၊ ဌာနခွဲအလိုက် လုပ်ငန်းအကောင်းဆုံး ဆောင်ရွက်သောဝန်ထမ်းများ၊ ဗဟို ဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရဝန်ထမ်းများ၊ ဌာနတွင်းသင်တန်းများတွင် ထူးချွန်ဆုရ ဝန်ထမ်းများ၊ ငါးကြိမ်နှင့်အထက် သွေးလှူဒါန်းသူ ဝန်ထမ်းများနှင့် အကောက်ခွန်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းကလည်းကောင်း၊ ဝန်ထမ်းသားသမီးများမှ အဆင့်မြင့်တန်း (တက္ကသိုလ်)တွင် ဂုဏ်ထူးရရှိသူများ၊ အခြေခံပညာအထက်တန်းစာမေးပွဲတွင်ဂုဏ်ထူးရရှိသူများကို အကောက်ခွန် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရဦးသိန်းထွန်းတင်ကလည်းကောင်း ဂုဏ်ပြုဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ပညာပြည့်ဝ နှလုံးလှ စာကြည့်တိုက် နှစ်ပတ်လည် အခမ်းအနားတွင် ဇန်နဝါရီ ၄ ရက်က စာဖတ်အများဆုံး ဖြစ်သည့် ဦးသောင်းမြင့်၏သား မောင်ရဲလင်းအောင်အား စာကြည့်တိုက်နာယက ဦးဇင်း ဦးပဏ္ဍဝက ရေဒီယိုကက်ဆက်တစ်လုံး ဆုပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားညီလာခံ ဂုဏ်ပြုထောက်ခံ မရမ်းကုန်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၆နာရီတွင် ကျင်းပရာ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်နှင့် အသင်းဝင်များ၊ မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀ကျော်တို့က လုပ်ကွက်များခွဲကာ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်း ဆောင်ရွက်နေမှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများကလိုက်လံကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	အရေးပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အဆိုပြိုင်ပွဲ
၁၆း၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၅	၆။	အကပဒေသာ
၁၇း၁၅	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၈။	အတီးပြိုင်ပွဲ
၁၇း၄၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"**(အပိုင်း-၅၉)
၁၈း၅၅	၁၄။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၃၄)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၅)

သက်န်းနှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

လှိုင်မြို့နယ် (၁၃)ရပ်ကွက် မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ပြန်လည်ဆောက်လုပ်ရန် သင်္ကန်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၁၆ရက် နံနက်၉နာရီက သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြသိန်းတန်ကျောင်းတိုက်မှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သောဘန(အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)က မီးဘေးသင့်ကျောင်းများမှ သံဃာတော်များအတွက် သင်္ကန်းဒွိစုံ ၅၀၊ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးမြို့ တထာဂတဝိပဿနာကျောင်းမှ ထေရဝါဒ ဗီယက်နမ်ဘုန်းတော်ကြီး ဦးအဂ္ဂသာမိ (မဟာသဒ္ဓမ္မဇောတိကဓဇ) ပေးပို့လှူဒါန်းသော မီးဘေးသင့်ကျောင်းနှစ်ကျောင်း ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၅၀ နှင့် မီးဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်ခြောက်သိန်း စုစုပေါင်း ၅၆ သိန်းကို ဆရာတော်၏ကိုယ်စား တပည့်ဒါယကာများက ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံရယူသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၁၉ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ Mr. Kaleshar Raghunandan & Mrs. Mu M Raghunandan တို့က အမှတ် (၁၂၀) ၃၄လမ်းရှိ မွန်မြတ်ကရုဏာနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်လေးသိန်းကို အသင်း ဥက္ကဋ္ဌ ဦးရဲမြင့်၊ အတွင်းရေးမှူး ဒေါ်ခင်လှဲ့ဝင်းနှင့် အမှုဆောင် ဦးစောထွဋ် တို့သို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ တာချီလိတ်-မယ်ဆိုင်ဆက်သွယ်သည့် အမှတ်(၂)မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားဖွင့် မြန်မာနှင့်ထိုင်းနိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်၊ ဘိလပ်မြေသယ်ကားများ ပြည်တွင်း၌ အောင်မြင်စွာထုတ်လုပ်၊ စီအင်န်ဂျီသုံးအပေါ့စား ရထားစက်ခေါင်းတွဲများ တီထွင်ပြောင်းလဲ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

သိပ္ပံသုတေသနသဘော် ကမ္ဘာတစ်ပတ် ရက် ၃၀၀ အပြီး၌ တရုတ်သို့ပြန်ရောက်၊ အိမ်ထောင်သည်များက တစ်ကိုယ်တည်း သမားများထက် စီးပွားပိုဖြစ်ဟုဆို၊ ဝေဒနာခံသာရေး ဓာတ်ရောင်ခြည်ကုထုံးကြောင့်အဆုတ်ကင်ဆာဝေဒနာရှင်များ အသက်ပိုရှည်ခွင့်ရ၊ အားကစား၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ သုံးသပ်ချက်ဆောင်းပါးများ စသည့် နိုင်ငံတကာသတင်းစုံလင်စွာဖြင့် e-Empire Media Group ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ခေတ်မီဘက်စုံတည်ဆောက်ရေး"**နှင့် **"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ဟူ၍ ခေါင်းစဉ်နှစ်မျိုးဖြင့် ကျင်းပမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အခွင့်အလမ်းပိုမိုရရှိ

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို(၁၀လက်မ X ၁၂ လက်မ)နှင့်အထက် အရွယ် Print ပုံဖြင့်ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရရှိသေးသူများအတွက် ဆုရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်ဖြစ်ပြီး ဆလိုက်ဖလင်ကို လက်ခံမည်မဟုတ်ပေ။ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ(Data)နှင့် ဓာတ်ပုံအကြောင်းအရာ(Caption)ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သရုပ်ဆောင်သူများပါရှိလျှင် ၄င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်းတို့ကို ဝန်ခံဖော်ပြချက်ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ဒုတိယနှင့်တတိယ ဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ပထမ၊ဒုတိယနှင့်တတိယဆုရရှိကြသူများအား ၂၀၀၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်း၊ဒုတိယညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမထဝိပဿနာ တရားတော်များ ဟောကြားပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဌာန်းနည်းပြဆရာကြီးမဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က ကျောက်တံတားမြို့နယ် ၃၈လမ်း (အောက်လမ်း)ဗုဒ္ဓဝိဟာရဓမ္မာရုံတော်ကြီးတွင် ဇန်နဝါရီ ၃၁ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ည ၇ နာရီမှ ၈နာရီခွဲ အတွင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အလှူရှင် ဦးမြဟန်အားရည်စူး၍ အမှတ် ၄၁/၈၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်းနေ ဦးခင်မောင်ဟန်-ဒေါ်ခင်သန်းဆွေ၊ သား မောင်ကောင်းထက်အောင်ကောင်းမှုအဖြစ် အလှူငွေကျပ်တစ်သိန်းကို ဖြစ်မြောက်ရေးအဖွဲ့ကော်မတီ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး၏ ပစ္စယာ(၃)ဆင့်မှ ကြာမှောက်ကြာလန်အထိဖြစ်ပေါ်နေသော အက်ကွဲကြောင်းများအား သံကူကွန်ကရစ်ချုပ်တန်းများဖြင့် ပြန်လည်ပြုပြင် တည် ဆောက်ပြီး ရွှေထီးတော်ကြီးနှင့် ငှက်ပျောဖူးအား ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ဦးအုန်းလွင် မြို့နယ်သာသနာရေးမှူး ဖုန်း-၆၂၀၀၅၄၊ ဦးခင်အောင်တင့် အခွန်ဦးစီးမှူးဦးစီးရုံး ဖုန်း-၆၂၀၆၅၂၊ ဦးစိုးမြင့် စီမံကိန်းဒါရိုက်တာ("FMI") ဖုန်း-၆၈၂၂၆၉၊ ဦးမြအုန်း အတွင်းရေးမှူး မြို့နယ်ဥပဋ္ဌာကအဖွဲ့ ဖုန်း-၆၂၀၅၃၆နှင့်ဦးတင်မောင်သိန်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဖုန်း-၆၂၀၀၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမာရွတ်မြို့နယ် ဝင်ဒါမီယာ အောင်မင်းခေါင်ဘုရားလမ်း အမှတ် (၇၃/၇၄)နေ ဦးမျိုးဆွေ-ဒေါ်မြရှင် မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂါယာမြေတွင် ပညာသင်ကြားနေသော ရဟန်းတော်များ ကျောင်းမြေအတွက်လှူဒါန်းငွေကျပ် သိန်း ၈၀၊ ဗုဒ္ဓဂါယာမဟာအောင်မြေ ကျောင်း အခန်းတစ်ခန်းအတွက် လှူဒါန်းငွေကျပ် ၂၈သိန်း၊ သာဝတ္ထိ မြန်မာ ဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်း၊ မော်လမြိုင် ဆင်ဖြူကျောင်းတိုက် သံဃာ့ဆေးရုံအတွက် လှူဒါန်းငွေကျပ်၂၅သိန်း၊ ပုလောမြို့နယ် ပလကျေးရွာဇာဒီ ကျောင်းအမိုးနှင့် တယ်လီဖုန်း တစ်လုံး အတွက် လှူဒါန်းငွေကျပ် ၁၅သိန်းနှင့် ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ရာ အလှူငွေများကို သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံပေးအပ်လှူဒါန်းစဉ်။ (၃၅၂)

၈၄၀၀၀ပန်းစေတီ ပူဇော်ပွဲနှင့် ကိုးရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာလမ်း ဂုဏ်တော်ရိပ်သာ သန္တာဦး ကျောင်းတိုက်တွင် (၈)ကြိမ်မြောက် ၈၄၀၀၀ ပန်းစေတီပူဇော်ပွဲနှင့် ကိုးရက် အဓိဋ္ဌာန်တရားစခန်းပွဲများ ပြုလုပ်မည် ဖြစ်ရာ ဖေဖော်ဝါရီ ၄ ရက်တွင် ဆရာတော် ဒေါက်တာဝဏ္ဏသိရိ (ရွှေဘုံဦး)၊ ဖေဖော်ဝါရီ၅ ရက်တွင် ဆရာတော် ဒေါက်တာ သောပါက (ဓမ္မာရုံ)၊ ဖေဖော်ဝါရီ ၆ရက်၌ ဆရာတော် ဒေါက်တာ ဉာဏဂ္ဂ (ပညာမြေ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရွှေသန်လျင်ဆရာတော်၏ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၉

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာနနာယက သာသနဇောတိကဓမ္မာစရိယ၊ဝိနယဝိဒူ၊နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် အရှင်မေဃိယသည် ဖေဖော်ဝါရီ၂ရက်တွင် ကျောက်တန်းမြို့၊ ပါဒတောရကျောင်းတိုက်၌ ဦးကျော်သိန်း မိသားစုတို့၏အလှူပွဲ၊ ဖေဖော်ဝါရီ၅ရက်နှင့်၆ရက်၌ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်ကြို့ကုန်းရွာ ဗုဒ္ဓပူဇနိယပွဲတော်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၅၆-၂၁၄၀၅သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လူမှုရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်

လူမှုဘဝနယ်ပယ်များမြင့်မား၊ အောင်မြင်မှုအညွှန်းကိန်းများတိုးတက်

နိုင်ငံတစ်နိုင်ငံ၏ လူမှုဘဝနယ်ပယ်ကဏ္ဍများသည် များပြားကျယ်ဝန်းပေသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုရာတွင် လူမှုဘဝအညွှန်းကိန်းများနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်ပေသည်။ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း၊ သေနှုန်းကျဆင်းမှုနှုန်း၊ အလုပ်လက်မဲ့ဦးရေ လျော့ပါးမှုနှုန်းနှင့် လူမှုရေးကဏ္ဍနှင့်သက်ဆိုင်သော ဖြစ်ပေါ်မှုနှုန်းများက ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်ဖော်ညွှန်းပြလျက်ရှိသည်။

သိသိသာသာမြင့်မား

မြန်မာနိုင်ငံတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းအကောင်အထည်ဖော်နိုင်မှုကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ တစ်နှစ်ထက် တစ်နှစ် သိသိသာသာမြင့်မားလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးလာမှုနှင့်အတူ လူမှုရေးကဏ္ဍများလည်း တစ်ပြေးညီ ဖွံ့ဖြိုးလာသည်။

နိုင်ငံအတွင်း ပညာရေးအခြေခံ အဆောက်အအုံများ ဖြစ်ထွန်းလာသဖြင့် ကျောင်းနေရာခိုင်နှုန်း၊ စာတတ်မြောက်မှုရာခိုင်နှုန်းများ နှစ်စဉ်မြင့်မားလာသကဲ့သို့ ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များလည်း တိုးပွားလာသည်။ ကျန်းမာရေးကဏ္ဍမြင့်မားမှုနှင့် စားနပ်ရိက္ခာဖူလုံ ပိုလျှံမှုများကြောင့်လူ့သက်တမ်းများ ပိုမိုရှည်လာပြီး သေနှုန်းများ လျော့နည်းလာသည်။ စီးပွားရေးအခြေခံအဆောက်အအုံများ မြင့်မားလာသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများကို နည်းမျိုးစုံဖြင့် ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားစေပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ပိုမိုမြင့်မားတိုးတက်လာခဲ့ပေသည်။

သိသာထင်ရှား

တပ်မတော် အစိုးရလက်ထက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ အမျိုးသား စီးပွားရေးဘဝ မြင့်မားခိုင်မာမှု၊ အခြေခံအဆောက်အအုံများ ဘက်စုံကဏ္ဍစုံ ဖြစ်ထွန်းမှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝနယ်ပယ် အလိုက် မြင့်မားလာပေရာ တိုးတက်လာသော အောင်မြင်မှုအညွှန်းကိန်းများကို ဖော်ပြပါဇယား၌ လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

တိုးတက်ဖြစ်ထွန်းလာသည့် လူမှုဘဝအညွှန်းကိန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	သူငယ်တန်းကျောင်းဝင်နှုန်း	၆၇ဒသမ၁၃	၉၇ဒသမ၅၈	၃၀ဒသမ၄၅
၂	စာတတ်မြောက်မှုနှုန်း	၇၉ဒသမ၇	၉၄ဒသမ၁	၁၄ဒသမ၄
၃	**သေနှုန်းကြမ်းကျဆင်းမှု(လူ၁၀၀၀လျှင်)**			
	- ကျေးလက်	၉ဒသမ၉	၇ဒသမ၁	(-) ၂ဒသမ၁၈
	- မြို့ပြ	၈ဒသမ၉၆	၆ဒသမ၂	(-) ၂ဒသမ၇
၄	**လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု**			
	- ကျေးလက်			
	- အမျိုးသား	၅၆ဒသမ၂နှစ်	၆၀ဒသမ၈နှစ်	၄ဒသမ၇နှစ်
	- အမျိုးသမီး	၆၀ဒသမ၄နှစ်	၆၃ဒသမ၃နှစ်	၂ဒသမ၉နှစ်
	- မြို့ပြ			
	- အမျိုးသား	၅၉ဒသမ၀နှစ်	၆၁ဒသမ၅နှစ်	၂ဒသမ၅နှစ်
	- အမျိုးသမီး	၆၃ဒသမ၂နှစ်	၆၅ဒသမ၆နှစ်	၂ဒသမ၄နှစ်
၅	အလုပ်အကိုင်ရရှိမှုဦးရေ(သန်း)	၁၉	၂၉	၁၀

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၁၅ရက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးဝင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး အသင်းသူ အသင်းသားများက အပူဇော်ခံ အဘိုးအဘွား၂၅ဦးတို့အား ကန်တော့ငွေများ ပေးအပ်ကန်တော့ကြသည်။ထို့နောက် အသင်းဥက္ကဋ္ဌက ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်ရဲပြည့်ဟိန်းအား ပညာရည်ချွန်ဆု ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးလှဝင်းက အသင်း၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို လည်းကောင်း၊ ၂၀၀၆ ခုနှစ် အမှုဆောင်သစ် အမည်စာရင်းအားလည်းကောင်း ဖတ်ကြားကြောင်း သိရသည်။

(က-ပ)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံ ပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

အမှိုက်ပုံ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် ဓမ္မာ့သီရိ(၂)လမ်း၊ အနောက်ဘက်ကွေ့တွင် အမှိုက်ပုံကြီးတစ်ပုံရှိပါသည်။ ၎င်းအမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်လျက် ရှိနေပါသည်။

သို့ပါ၍ အဆိုပါအမှိုက်ပုံအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

တရားမဝင်အရက်ဆီကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ၃လမ်းထိပ်ရှိအခန်းနှစ်ခန်းတွင် တရားမဝင်အရက်ဆီပုံးများ သိုလှောင်ဖြန့်ဖြူးရောင်းချနေပါသည်။

အဆိုပါ အရက်ဆီများကြောင့် ပတ်ဝန်းကျင် လူနေအိမ်များ မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းရှင့်-

ကျွန်မတို့နေထိုင်ရာ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ညောင်ပင်လမ်းမှ လမ်းသွယ်နှင့် (၃)လမ်းတွင် ခွေးလေခွေးလွင့်များသည် လမ်းသွားလမ်းလာများကို အန္တရာယ်ပြုနေပါသည်။ ဈေးသည်များနှင့် လမ်းတွင်း နေထိုင်သူများသည် အဆိုပါ ခွေးလေခွေးလွင့်များကြောင့် အနှောင့်အယှက် ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ဗီဒီယိုရုံနှစ်ရုံကအသံ နားမခံသာ

စာတည်းခင်ဗျား-

မြင်းခြံမြို့နယ် ဗလုံကျေးရွာအုပ်စု ရွာသာကျေးရွာတွင် ဗီဒီယိုရုံနှစ်ရုံသည် ညပိုင်းတွင် အသံချဲ့စက်များတပ်၍ ပြသနေပါသည်။

ယင်းကဲ့သို့ စည်းကမ်းမဲ့ပြသနေမှုကြောင့် ပတ်ဝန်းကျင် ပြည်သူများ အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ပါ၍ စည်းကမ်းတကျဖြစ်စေရန် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

နားမခံသာသူ

စော်ဘွားကြီးကုန်းယာဉ်ဝင်ခနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၅-၁၂-၂၀၀၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ အင်းစိန်မြို့နယ် **"စော်ဘွားကြီးကုန်း ပွဲရုံဝင်းယာဉ်ဝင်ခပိုမိုတောင်းခံနေ"** ခေါင်းစဉ်ပါ ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများအားဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေဖနောရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာမြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဝန်ကြီးက (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိသည့် ရွှေတံဆိပ်ဆုရှင် အားကစားသမားများဖြစ်ကြသည့် ပြေးခုန်ပစ်ပြိုင်ပွဲဝင် အမျိုးသမီး မီတာ ၄၀၀ ရွှေတံဆိပ်ဆုရှင် ယဉ်ယဉ်ခိုင်၊ အမျိုးသမီး မီတာ၂၀၀ ရွှေတံဆိပ်ဆုရှင် ကေခိုင်လွင်၊ အမျိုးသားမီတာ ၁၅၀၀ ရွှေတံဆိပ်ဆုရှင် အောင်သီဟတို့အား ငွေကျပ်သုံးသိန်းစီကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြသည့် ယဉ်ယဉ်ခိုင်၊ မြင့်မြင့်အေး၊ လဲ့လဲ့ဝင်း၊ ကေခိုင်လွင်တို့အား ငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ မြားပစ်(Recurve) တစ်ဦးချင်း ရွှေတံဆိပ်ဆုရှင် ဇော်ဝင်းထိုက်အား ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဘိလိယက်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ကျော်ဦးနှင့် အောင်ဆန်းဦးတို့အား ငွေကျပ် လေးသိန်းကို လည်းကောင်း၊ အမျိုးသား မီတာ ၅၀၀ ကယက် လှေလှော်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဖုန်းမြင့်တေဇာအား ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ အမျိုးသမီး မီတာ၅၀၀ ကယက်လေးတက်လှေလှော်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် ခင်မာဦး၊ နော်အားလယ်လာရီး၊ သိန်းဌေးဝင်းနှင့် အေးမိခိုင်တို့အား ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ အမျိုးသား ၉၀ ကီလိုတန်း ဂျူဒိုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဇင်လင်းအောင်အား ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ အမျိုးသား ၁၀မီတာ လေပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မောင်ကြူးအား ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်း (Hoop Takraw)ပြိုင်ပွဲရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် မောင်မောင်စိန်၊ သန်းဇော်ဦး၊ အောင်မျိုးမြင့်၊ အောင်လှိုင်မိုး၊ အောင်ဇော်နှင့် သိန်းဇော်မင်းတို့အား ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ အမျိုးသမီး (Hoop Takraw) ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် ကြူကြူသင်း၊ ခင်နုနုဖြိုး၊ မေဇင်ဖြိုး၊ စိုးဆင့်ဆင့်အောင်၊ မာမာဝင်း၊ နိုင်နိုင်ဝင်းတို့အား ငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ အမျိုးသား (Doubleregu) ပိုက်ကျော်ခြင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် မောင်မောင်၊ စည်သူလင်းနှင့် အောင်မျိုးမြင့်တို့အား ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ အမျိုးသား ရွက်လှေပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် အောင်မြင်သူနှင့်စိုးပြည့်စုံဟိန်းတို့အား ငွေကျပ် လေးသိန်းကို လည်းကောင်း၊ အမျိုးသမီး ၇၅ ကီလိုတန်း အလေးမပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မြစန္ဒာဦးအား ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ဝူရှူး ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် အမျိုးသမီး ထောက်လုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဆွေဆွေသန့်နှင့် အမျိုးသား ထောက်လုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ပြည့်ဝေဖြိုးတို့အား ငွေကျပ် သုံးသိန်းစီကိုလည်းကောင်း တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ငွေတံဆိပ် ၃၄ ဆုရရှိခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် ငွေကျပ် ၈၇ သိန်းကို ငွေတံဆိပ်ဆုရှင် အားကစားသမားများကိုယ်စား ရေကူးမယ် မိုးသူအောင်၊ ဘောလုံးအားကစားမယ် စန်းစန်းမော်နှင့် လှေလှော် အားကစားသမား ထွန်းထွန်းနိုင်တို့အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကြေးတံဆိပ် ၄၈ ဆုရရှိခဲ့ကြသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအတွက် ငွေကျပ်၆၄သိန်း ငါးသောင်းကို ကြေးတံဆိပ်ဆုရှင် အားကစားသမားများကိုယ်စား တိုက်ကွမ်ဒိုအားကစားမယ် စန်ဒေဝါစူး၊ ဝူရှူးအားကစားသမား အောင်စည်သူနှင့် ကရာတေး အားကစားမယ် နန်းဆိုင်းမိန်းတို့အား ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

သားအဖြစ်မှစွန့်လွှတ်ခြင်း
ကျွန်တော်၏သား အောင်ထူးကိုကိုထက် ၁၂/ဗတထ(နိုင်)၀၃၄၂၂၂ အားသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (မေးမြန်းခြင်းသည်းခံပါ။)
ဦးကျော်တင့်။

သန့်ရှင်းရေးဆောင်ရွက်

ဇန်နဝါရီ ၂၉ရက်က အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရပ်ကွက်လုံးကျွတ် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က-ပ)

Practical A+
Sec-1: Wed,Thur,Fri (5 to 7 pm), 3 months + Onsite
Sec-2: Mon to Fri (9 to 11:00 am), 1 months + Onsite
Nawarat Computer Sales, Service, Rental & Training

ကျေးဇူးဆပ်ပါမည် ယာဉ်အမှတ် ၄ခ/၇၄၄၁၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် အဝိုင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။
နမ့်ခမ်းစည်ပင် ၀၈၂-၆၁၄၉၉။

Great Wall
Foreign Language Centre

ဦးအောင်ဟိန်းကျော်
-Translation

ဆရာမွှေး အင်္ဂလိပ်စာသင်တန်း

INTERNET
Journal
Myanmar Counter-Strike League (Summer 2006)
အပတ်စဉ်တနင်္လာနေ့တိုင်း ထွက်ပြီ

HLA THIT SAR
(ESTABLISHED - 1979)
RADIO, CASSETTE, TV, VIDEO
TRAINING CENTRE

Diploma in IT
ဆက်သွယ်ရန်ဖုန်း ၂၉၁၉၂၂

စိတ်ချလက်ချစားသုံးပါရှင့်

ဈေးနှုန်းသက်သာ၍ဒီဇိုင်းဆန်းသစ်လက်ရာကောင်း၍စိတ်ချမ်းသာမှုရှိစေရာ....
Wall Covering
Modern Furniture
Architectural Design
*1st Feb မှ 11th Feb:
3% - 5% - 10%
Plaster Cornice
THREE FRIENDS CONSTRUCTION CO.,LTD.
CONSTRUCTION, DESIGN, DECORATION & ENGINEERING
Ph: 01-201121, 294864, 201478, 09-50-11443, 09-50-10289, 01-294227 Ext; 4117

မောင်တောမြို့နယ် ကျောက်ချောလမ်းသစ်ဖွင့်

မောင်တော ဇန်နဝါရီ ၁၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလောင်းဘုရားလမ်း အမာခံ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်း၌ကျင်းပရာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ရန်မျိုးအောင်၊ မြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီးနီအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဘမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အလျား ပေ ၁၂၀၀၊အနံ ၁၂ပေ ဖြစ်ပြီး အမာခံကျောက်ချောလမ်းအဖြစ် ငွေကျပ် ၃၉၈၆၀၀၀ အကုန်အကျခံ ဆောင်ရွက်သည်။ **(မြို့နယ်စည်ပင်)**

ပါဠိပထမပြန်စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

ဖျာပုံ ဇန်နဝါရီ ၂၁

ဖျာပုံခရိုင် ဖျာပုံမြို့ ဓမ္မဝိနယ ပထမပြန်စာသင်တိုက် သီရိသုခါတိုက်သစ်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အစိုးရပါဠိ ပထမပြန် စာအောင်သံဃာတော် ၁၀၂ပါးနှင့် စာချဆရာတော်များအား (၅၉)ကြိမ်မြောက် အောင်လက်မှတ် ဆက်ကပ်သည့် စုဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက်၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဓမ္မာ့ထိန်လင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးဥေယျထံမှ ငါးပါးသီလခံယူဆောက်တည်သည်။

အောင်လက်မှတ်ဆက်ကပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက စာအောင်သံဃာတော် ၁၀၂ပါးအား အောင်လက်မှတ် ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြေခင်းအလှပြင်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး၊ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေးနှင့်အဖွဲ့ ဒီဇင်ဘာ ၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇော်ခင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်ခရိုင်ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တာချီလိတ် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ၅ရက် ညနေ၃နာရီက မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်မိုးအေး နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဗိုလ်လုပွဲအဖြစ် ရွှေအနာဂတ်အသင်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စုအသင်းတို့ယှဉ်ပြိုင်ကစား ကြရာရွှေအနာဂတ် အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုများချီးမြှင့်ကြရာ အသန့်ရှင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆု၊

အကောင်းဆုံး အားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ရွှေအနာဂတ်ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်းခွဲကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးတို့က ချီးမြှင့်ကြောင်း သိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

မိုင်းဆတ်မြို့၌ အိမ်တွင်းမှုကျောင်းလမ်း ကျောက်များခင်း

မိုင်းဆတ် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက် အိမ်တွင်းမှုကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စတင်ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင့်ဝေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ် ရွေးချယ်

ဖားကန့် ဇန်နဝါရီ ၉

ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ခုနှစ် မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး (ဗိုလ်တဲ)ဥရုရတနာညှော်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးမြင့်တင်(အောင်လံဆိုးပေ)နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေတို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး(မြတ်သူမင်း–ဥက္ကံ)က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး(မြတ်သူမင်း–ဥက္ကံ)၊အတွင်းရေးမှူး ဦးမိုးစည်သူ(ထီးရိပ်–ကြည်ဆန်း)၊ ဘဏ္ဍာရေးမှူး ဦးဝင်းရွှေ(စစ်ကိုင်း – ဝင်းရွှေ)၊ အမှုဆောင် ဇေပိုင် (မောင်ဇင်သူ–ကျောက်စိမ်းထွန်း)တို့ပါဝင်သောအလုပ်အမှုဆောင်အဖွဲ့သစ်နှင့် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးစိုးနိုင်ဦး(မြတ်မင်းသူ–ဥက္ကံ)အား ရွေးချယ်တင်မြှောက်ကြသည်။ **(မြို့နယ်စာပေစာနယ်ဇင်း)**

မတ္တရာမြို့ အမှတ်(၁၂၈)မူလတန်းလွန်ကျောင်း ငွေရတုအထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲကျင်းပ

မတ္တရာ ဇန်နဝါရီ ၁၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ဇီးဖြူကုန်းကျေးရွာအုပ်စု ဆည်ကြီးစု အင်းပက်လက်၊ အညာကိုင်း၊ထန်းတောကုန်းကျေးရွာနယ်မြေများ၏ အမှတ်(၁၂၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ငွေရတုအထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်၉နာရီခွဲက အဆိုပါကျောင်းတွင် ကျင်းပသည်။

ထို့နောက် အခမ်းအနားမှူးအဖြစ် ခုနစ်တန်းကျောင်းသူ မဇင်ယုမွန်နှင့် မဖြူဖြူသန့်မော်တို့က မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖွင့်လှစ်ပေးပြီး မြို့နယ်အဖွဲ့ဝင်(၁)နှင့် မြို့နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးစိုးမိုးအောင်က ငွေရတုအထိမ်းအမှတ်နှင့် ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ငွေရတုနှင့် အာစရိယပူဇော်ပွဲဆိုင်ရာများ တင်ပြသည်။ ကျောင်းအုပ်ဆရာကြီးက လက်ထောက်ပညာရေးမှူး ဦးစိုးတင့်တို့ထံ အထိမ်းအမှတ်အလံကို ပေးအပ်ကြသည်။ **(ဝဲပုံ)**

ပူဇော်ကန်တော့

ဆက်လက်၍ အာရိယပူဇော်ပွဲကို ကျင်းပရာ တက်ရောက်လာကြသော တပည့်အပေါင်းက အပူဇော်ခံ ဆရာဆရာမ ၁၅ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကသာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်၊ ပညာပေးဟောပြော

ကသာ ဇန်နဝါရီ ၂၃

ကသာမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဆိုင်အမှတ် (၀၆၆၁)မှဝန်ထမ်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဇန်နဝါရီ ၁၈နံနက် ၁၀နာရီက အဆိုပါဆိုင်တွင် ကျင်းပရာ မြို့နယ်မီးသတ် စခန်းမှူး ဦးအောင်ဇော်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆိုင်မန်နေဂျာ ဦးကျော်မောင်နှင့်ဝန်ထမ်းများတက်ရောက်ကြသည်။

လေ့ကျင့်

ရှေးဦးစွာ မြို့နယ်မီးသတ်စခန်းမှူး ဦးအောင်ဇော်ဌေးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောပြီး ဆိုင်မန်နေဂျာဦးကျော်မောင်နှင့်ဝန်ထမ်းများက မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းကို ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ ခြစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုး

သဲကုန်း ဇန်နဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၈ရက် နံနက်၇နာရီက သဲကုန်းမြို့နယ် မြို့မရပ်ကွက်(၂) တည်သီးပြင် အမကကျောင်းဝင်းနှင့် သဲကုန်းရုံးပင်တက် လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။

အခမ်းအနားသို့ သဲကုန်းမြို့နယ်ဥက္ကဋ္ဌဦးလှဌေးနိုင်နှင့်အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။ အဆိုပါသဲကုန်းမြို့နယ်၌ ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၈၀၁၀၀၀၀ စိုက်ပျိုးမည်ဖြစ်ရာ စိုက်ပျိုးပွဲတွင် ကြက်ဆူပင် ၅၀၀၀ကို လေးဧကတွင် တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သာသနာ ၂၅၀၀စေတီ ဗုဒ္ဓပူဇနီယပွဲ

မော်လမြိုင် ဇန်နဝါရီ ၁၇

မော်လမြိုင်မြို့ စက်ကဲကုန်းရပ်ရှိ သာသနာ ၂၅၀၀ စေတီတော် ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲ လဆုတ် ၁ ရက်မှ ၃ ရက်နေ့ (ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်အတွက် ပါဝင်လှူဒါန်းလိုသူများသည် သာသနာ၂၅၀၀ စေတီတော်၏ ဦးစီးပဓာန ဆရာတော် ဖုန်း-၀၇၅-၂၄၀၇၉၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအောင် ဖုန်း- ၀၅၇-၂၅၅၀၁နှင့် ဘဏ္ဍာရေးမှူး ဦးမောင်ရောင်း ဖုန်း- ၀၅၇-၂၅၇၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာ အမကသို့ စာရေးခုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ စာရေးခုံများပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ရက် နံနက်၉နာရီက အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်မြို့နယ်လက်ထောက်ပညာရေးမှူး ဦးထိန်ဝင်းတို့က အမှာစကားပြောကြားကြပြီး စာရေးခုံ အလှူရှင် ရန်ကုန်တိုင်း လသာမြို့နယ် ၂၂ လမ်းနေ မော်လမြိုင်ကျွန်းမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွန့် မိသားစုက ငွေကျပ်လေးသိန်းဖိုးရှိ စာရေးခုံ အလုံး၄၀နှင့် မော်လမြိုင်ကျွန်းမြို့ ကျွန်းရွှေဝါ သစ်ခွဲစက်ပိုင်ရှင် ဦးကိုကိုဦး-ဒေါ်ဝါဝါဦး မိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာရေးခုံ ၁၀လုံးတို့နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်အသင်း ပညာရေးမှူးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်သိန်းက ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မော်လမြိုင်ကျွန်းမြို့နယ်အသင်းဥက္ကဋ္ဌဦးသိန်းလှိုင်က စာရေးခုံအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။ **(၀၉၇)**

တောင်ကုတ် မြို့အဝင်ဆိုင်းဘုတ် အမှတ်(၂) ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဇော်နိုင်လင်းကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းအေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

၂၀၀၅ခုနှစ် မိုးရာသီ ချေးငွေကောက်ခံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မကွေး၌ ကျင်းပ

မကွေး ဇန်နဝါရီ ၂၃

မကွေးတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၂၀၀၅ခုနှစ် မိုးရာသီ ချေးငွေကောက်ခံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက်က မကွေးတိုင်း မန်နေဂျာရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်လွင်၊ မကွေးတိုင်း မန်နေဂျာဒေါ်ခင်အေးမြင့်နှင့် တိုင်းအတွင်းရှိ မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ညှိနှိုင်းဆောင်ရွက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၀၆ခုနှစ် မတ်လအတွင်း အပြည့်အဝ ပြေကျေအောင် ကောက်ခံရရှိရေး ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

စက်ရေတွင်းဖွင့်

မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီး လှပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပြည်နယ်စည်ပင်)

ဆင်ဘိုမြို့ မဟာဗန္ဓုလလမ်း ကျောက်ချောခင်းရန် ကျောက်စုဆောင်း

ဆင်ဘို ဇန်နဝါရီ ၁၂

ဆင်ဘိုမြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် မဟာဗန္ဓုလလမ်း ကျောက်ချောခင်းရန် ကျောက်များ စုဆောင်းခြင်းကို ဒီဇင်ဘာ ၃၁ရက်က ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးနေလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

ဗန်းမောက်မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဗန်းမောက် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း ဒုတိယအကြိမ် အခြေခံပညာမူလတန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ၂နာရီက မြို့မကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဘောလုံးယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်မြတ်မိုးက ကွင်းဖွင့်ပွဲ အမှာစကားပြောကြားပြီး ဘောလုံးသမားများက မြို့နယ်အတွင်းရေးမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု၍ ဘောလုံးယှဉ်ပြိုင်ပွဲကို စတင် ကျင်းပသည်။

ထို့နောက် နယ်မြေလိုက် ဇုန်(၇)ဇုန်ခွဲ၍ ဘောလုံးအသင်း ခုနစ်သင်းဖြင့် ဒီဇင်ဘာ၂၈ ရက်မှ ၃၁ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ရာ ဆုရမံစီကြီးဇုန်က ပထမငွေကျပ် ၅၀၀၀၀၊ ဗန်းမောက်ဇုန်က ဒုတိယဆု ငွေကျပ် ၃၀၀၀၀နှင့် မံကပ်ဒေသဇုန်က တတိယဆုငွေကျပ် ၂၀၀၀၀တို့ကို တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်အိမ်ရာ

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာ စီမံကိန်းအရ တာဝန်ယူဆောက်လုပ်လျက်ရှိသော ဂျို့ပင်ကျေးရွာရှိ ဒေါ်ဖြူဖြူဝင်း၏ နေအိမ်ဆောက်လုပ်နေမှုကို ဇန်နဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးတင်နုကွင်းဆင်းစစ်ဆေး ကြည့်ရှုရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမင်းကိုကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ သနပ်ပင်၌ကျင်းပ

သနပ်ပင် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းသနပ်ပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးနှင့်အမှုဆောင်များ၊ အသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးတာဝန်ခံ ဒေါက်တာ ဒေါ်တင်တင်ယုနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြိုင်ပွဲဝင်ကလေးများ တက်ရောက်ကြသည်။

ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲအပြီးတွင် ဆုရကလေးများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်နှင့်ရေဒီယိုလှူဒါန်းပွဲ နောင်ချို၌ ကျင်းပ

နောင်ချို ဇန်နဝါရီ ၁၇

နောင်ချို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြို့နယ်အတွင်းရှိ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမဘေးဝဲယာ ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်နှင့်ရေဒီယိုများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် ညနေပိုင်းက မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင် တက်ရောက်အမှာစကား ပြောကြားပြီး စာအုပ်နှင့်ရေဒီယိုများ လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကြီးက စာအုပ်စာပေ လူ့မိတ်ဆွေအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်အိအိစိုးက ထာဝစဉ်ရှင်သန်နေမည့် စာကြည့်တိုက်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စာရေးဝန်ထမ်း ဒေါ်တင်တင်မော်က စာကြည့်တိုက် အဆောက်အအုံ အကောင်းဆုံးဆုရ အုမ္မခါကျေးရွာမှ ဒို့တောရွာစာကြည့်တိုက်မှူး ဦးကျော်ဝင်းအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)



သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မငုဝါဌေး ၁၂/ဥကတ(နိုင်)၂၁၈၁၀၆ သည် ဖခင်၏ သွန်သင်ဆုံးမမှုများ အပေါ်တွင် နားထောင်လိုမှုမပြုဘဲ ဖခင်၏အုပ်ထိန်းမှုအောက်တွင် နေထိုင်လျက် နှင့်ပင် ဖခင်အား မိဘအရာမထားဘဲ မိမိဆန္ဒအတိုင်းသာ သွားလာနေထိုင်လျက် ဖခင်အား မထီမျက်မြင်ဆက်ဆံသဖြင့် မငုဝါဌေးအား တာဝန်ယူရန်မဖြစ်နိုင်သည့် အတွက်နှင့် ဖခင်အနေဖြင့် သားသမီးများ ကောင်းကျိုးအတွက် အနစ်နာခံရန်သာ အကြောင်းရှိပြီး အစော်ကားခံရရန် အကြောင်းမရှိသည့်အတွက် မငုဝါဌေးအား ယနေ့မှစ၍သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေ အပ်ပါသည်။

ဦးဌေးမြင့်
MTA- ၁၇၉၃၆၇။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ 4/Ticket , E-D-H, Rating Forming Part of A Navigational Watch နှင့် မြန်မာ့ကြယ်ငါးပွင့်ဝန်ထမ်းကတ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ရဲမင်းထွဋ် ဖုန်း- ၂၀၂၂၄၂။**

မဟာကံကြီးထပ်မင်္ဂလာ၊ သက်တော်(၅၀)ပြည့် ရွှေရတုဝိဇာတမင်္ဂလာနှင့် ပရိယတ္တိမာမက လေးထပ်ရွှေကျောင်းတော်ကြီးအောင်ပွဲ

ရေစက်ချအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ လယ်တီစက်ပရိတ်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် "**ဘဒ္ဒန္တအာစရသိဒ္ဓိ**"၏ သက်တော်(၅၀)ပြည့် ရွှေရတုဝိဇာတမင်္ဂလာ၊ မဟာကံကြီးထပ်မင်္ဂလာနှင့် ပရိယတ္တိမာမက လေးထပ်ရွှေကျောင်းတော်ကြီး အောင်ပွဲ ရေစက်ချအလှူတော်မင်္ဂလာတို့ကို တပည့် ဒါယကာ၊ ဒါယိကာမများမှ တစုတပေါင်းတည်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပူဇော်ကြမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့် ဒါယကာ၊ ဒါယိကာမများအား အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲနေရာ - လယ်တီစက်ပရိတ်ပရိယတ္တိစာသင်တိုက်
ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၆၅၂၉၁၁)

ပူဇော်ပွဲနေ့ရက် - ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့ (ပြည်ထောင်စုနေ့)
၁၃၆၇ခုနှစ်၊ တပို့တွဲလပြည့်နေ့ (တနင်္ဂနွေနေ့)

တရားတော်နာယူချိန်- နံနက် (၉း၀၀)နာရီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန်အပိုင်း(၁) ၁၉ ရပ်ကွက် ကနောင်လမ်းသွယ်(၄) အမှတ်(၃၀၀/၃၀၁)နေ ဦးလှထွန်း ၁၂/ဥကမ(နိုင်) ၀၂၁၃၅၉ မှ(H.T New Type ENAME LPAINT)အထူးထုတ် အကောင်းစား ကြောင်နှစ်ကောင်ပုံပါတံဆိပ်ဖြင့် သဘော်ဆေးအမှတ်တံဆိပ်ကို(၂၂-၂-၁၉၈၈)ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၈၇/၁၉၈၈ဖြင့် လည်းကောင်း၊ကြောင်နှစ်ကောင် သဘော်ဆေးလုပ်ငန်းမှ ထုတ်လုပ်သည့်"ဘုရင်မတံဆိပ် အကောင်းစား သဘော်ဆေး" အမှတ်တံဆိပ်ကို(၁၇-၁-၁၉၉၀)ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၆၈/၁၉၉၀ ဖြင့်လည်းကောင်း၊ (H.T New Type ENAMELPAINT) မြန်မာအမည်ဖြင့် "ကြောင်နှစ်ကောင်"အထူးထုတ် အကောင်းစားသဘော်ဆေး အမှတ်တံဆိပ်ကို (၂၀-၁၂-၂၀၀၅)ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၉၈၆၂/၂၀၀၅ ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းပြီး မူပိုင်အဖြစ် အကောင်းစား သဘော်ဆေးအမျိုးမျိုး၊ ဆီဆေး အမျိုးမျိုး၊ ပလတ်စတစ်ရေဆေးအမျိုးမျိုး၊ ပန်းချီဆေးအမျိုးမျိုး၊ ဘားနစ်နှင့်တာပင်တိုင်အမျိုးမျိုး ပေါလစ်အမျိုးမျိုး၊ အရောင်တင်ဆီအမျိုးမျိုး၊ ကော်ရည်အမျိုးမျိုး၊ ဘိုင်နာအရောင်အမျိုးမျိုး၊ အခြားသုတ်ဆေးအမျိုးမျိုးနှင့် မှုတ်ဆေးအမျိုးမျိုးတို့ကို(၁၉၈၈)ခုနှစ်မှစ၍ ယနေ့ထက်တိုင် ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သုံးမျိုးဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်သည့် အထက်ပါ ကုန်အမှတ်တံဆိပ်သုံးမျိုးနှင့် ပတ်သက်၍ ကုန်အမှတ်တံဆိပ်အမှတ် အမှတ်အသားတို့ကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ ထင်ယောင်ထင်မှား ဖြစ်စေရန် ထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ လက်ဝယ်ထားခြင်း၊ တုပပြုလုပ်ထုတ်လုပ် ဖြန့်ချိရောင်းချခြင်း၊ လက်ဝယ်ထားခြင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာထွန်း B.A.,H.G.P.,R.L	**ဦးစိုးတင့်(မြောင်းမြ)**
တရားရုံးချုပ်ရှေ့နေ စဉ်-၁၉၀၁	**ဥပဒေဘွဲ့ LL.B**
အမှတ် ၂၀၂၊ ဥက္ကာ(၇)လမ်း	**တရားရုံးချုပ်ရှေ့နေ စဉ်-၆၇၉၃**
(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။	**အမှတ် ၁၈၀၊ သုမိတ္တာ(၆)လမ်း၊**
	(၁)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်။

တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ခင်အေးကြွယ် (N/RGN-044130) ၏ မောင်ဖြစ်သူ မောင်ကိုကိုလေး (TME-022058)သည် ကျွန်မ၏ နေအိမ်တွင် မှီခိုနေ ထိုင်ခြင်း အလျှင်း မရှိတော့ပါ။ ကျွန်မ၏ စီးပွားရေးလုပ်ငန်းအဝဝကိုလည်း ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းလည်း မရှိတော့ပါ။ ကျွန်မနှင့် ပတ်သက်သမျှ မိတ်ဆွေ အပေါင်းတို့ထံမှ လည်းကောင်း၊ အခြားသော လူပုဂ္ဂိုလ်အပေါင်းတို့ထံမှလည်းကောင်း၊ ရွှေ၊ ငွေ၊ ဥစ္စာ များကို ကျွန်မ၏ အမည်၊ အရှိန်အဝါကို သုံး၍ ချေးငှားခြင်း၊ တစ်နည်းနည်းဖြင့် ရယူခြင်းများ နောင်တွင် ဖြစ်ပေါ်လာပါက ကျွန်မ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အေးကြွယ်
(N/RGN-044130)။

မင်္ဂလာဦးဆွမ်းကျွေး ညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစက်ဌေး (ဌေးမိသားစု စက်မှုလက်မှု)-
ဒေါ်ညွန့်စိန် (အထက-၄၊ ပုဇွန်တောင်-ငြိမ်း)တို့၏ တစ်ဦးတည်းသောသားထွေး
ဒေါက်တာဇေယျာစက်ဌေး M.B.,B.S (Ygn) (ခေတ္တ-စင်ကာပူ)
နှင့်
ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်စောသိန်း (အေးကမ္ဘာကုန်စည်ပို့ဆောင်ရေး)
တို့၏ သမီးကြီး
ဒေါက်တာဆွေဆွေနှင်းထိုက် M.B.,B.S (Ygn) (ခေတ္တ-စင်ကာပူ)

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူညီချက်အရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တရားသူကြီး ဒေါ်မို့မို့အေးရှေ့မှောက်တွင် ၁၇-၆-၂၀၀၄ရက်တွင် လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၈-၁-၂၀၀၆ ရက်တွင် စင်ကာပူနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဇေယျာစက်ဌေး-ဒေါက်တာဆွေဆွေနှင်းထိုက်။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးလှမြင့် ၁၂/ဥကမ(နိုင်)၀၁၇၆၁၂၏ ဇနီး ဒေါ်အေးနန္ဒာဝင်း ၁၂/ဥကမ(နိုင်)၁၆၅၈၅၁အား ယနေ့မှစ၍ တရားဝင် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)



သား၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိန်အောင်၏သား မောင်နေလင်းအောင် ၁၂/ဥကမ(နိုင်) ၁၇၈၃၂၁နှင့် သမီး မလဲ့လဲ့အောင် ၁၄/ဘကလ(နိုင်)၀၀၈၂၇၅ သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများ စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်အောင် ပြုမူခြင်းများကြောင့် ယနေ့ကြေညာသည့်ရက်မှစ၍ သား၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း။ **အဖ- ဦးစိန်အောင် ၁၄/ဘကလ(နိုင်)၁၀၆၇၀၂ အမှတ် ၂၆၄၊ စက္ကဝတ်လမ်း၊ (ဈ)ရပ်ကွက်၊ မ/ဥက္ကလာပ။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် မလမ/၁၀၂၉၉ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။**

သာသနာရေးဝန်ကြီးဌာနမှ ဒေါက်တာမျိုးမြင့်-ဒေါ်တင်တင်ဝင်း မိသားစုတို့က ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘူးသီးတောင်မြို့၌ အမှတ်(၁)တံတားဖွင့်

ဘူးသီးတောင် ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်သော အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်း အမှတ်(၁) သစ်သားတံတားဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။**(မြို့နယ် စည်ပင်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်-၅ နေ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်သန်းငွေ(ငြိမ်း)-ဒေါ်အေးမိစံ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကတ္တရာခင်း

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အောင်ဇေယျလမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)



ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၄)တွင် ၂၀၀၅ - ၂၀၀၆ခု ပညာ သင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံ ထူးချွန်ဆုရ စတုတ္ထတန်းမှ မောင်အိမ်မှူးပန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထားက ဆုချီးမြှင့်စဉ်။ (ပညာရေး)

စီမံကိန်းများ ဆောလျင်စွာပြီးစီးသည်နှင့်အမျှ ပြည်သူများ အကျိုးကျေးဇူး အမြန်ဆုံးရရှိခံစားရ လုပ်ငန်းများ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး ကြိုးစားဆောင်ရွက်

ရွှေဖုံးမှ

ယင်းနောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က စီမံကိန်းအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှု၊ စက်ယန္တရား အသုံးပြုနိုင်မှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှုခံယူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် တင်ပြလမ်းညွှန်မှုခံယူပြီးဖြစ်သည့်မုန်းချောင်းဆည်ရေဖြင့် ရေသောက်ဧရိယာတိုးချဲ့ဖော်ထုတ်ရေးနည်းလမ်းသုံးသွယ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက်ဝန်ကြီးချုပ်က စီမံကိန်းများဆောလျင်စွာပြီးစီးသည်နှင့်အမျှ ပြည်သူများ အကျိုးကျေးဇူး အမြန်ဆုံးရရှိခံစားရသည်ဖြစ်သဖြင့် လုပ်ငန်းများသတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းပြီး လုပ်ငန်းများမြန်ဆန်ထိရောက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ ဗူးရွာရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆည်ရေအလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းပေးဝေ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် နွေစပါးတစ်ဧကအထွက်နှုန်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်များသို့သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာအနီးရှိ အလွမ်းဆွတ်မြစ်ရေတင်စီမံကိန်းတွင် မြေပေါ်မြောင်းမကြီးမှတစ်ဆင့် နွေစပါးခင်းများအတွင်းသို့ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီးရှိ ဇာမဏီအင်းရေလှောင်တမံသို့ ရောက်ရှိလာပြီး ရေလှောင်တမံအတွင်း

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❐ စည်းလုံးညီညွတ်မှုနှင့် အမြော်အမြင်ကိုအခြေပြုသည့် အဘိသာမဂ္ဂီအား နိုင်ငံသားအားလုံးတို့က မြတ်မြတ်နိုးနိုး တန်ဖိုးထားရင်း ဥမကွဲသိုက်မပျက် အတူတွဲလက်ယှက် ဘေးကွဲခွဲမထွက် တက်ညီလက်ညီ ဦးတည်ချက်မိမိ အမြော်အမြင်ရှိရှိ လျှောက်လှမ်းကြရေးမှာ ပင်လုံက ပေးသော အမျိုးသားရေးတာဝန်ဖြစ်တော့၏။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါး (စာ-၁၀)

30-1 (20).p65 1 3/26/1905, 9:19 PM